**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ


# မြဝတီ နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၈၄)

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်
၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ သောကြာနေ့


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမေရိကန်နိုင်ငံ၏ မြန်မာနိုင်ငံအပါအဝင် နိုင်ငံ ၁၄ နိုင်ငံအား သွင်းကုန်ခွန်တိုးမြှင့်စည်းကြပ်ထားမှုနှင့်ပတ်သက်၍ ပေးပို့သည့် သဝဏ်လွှာ/အကြောင်းကြားစာနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ထံ သဝဏ်လွှာ/အကြောင်းကြားစာပြန်လည်ပေးပို့

**နေပြည်တော် ဇူလိုင် ၁၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မြန်မာနိုင်ငံအပါအဝင် ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ ကာဇက်စတန်၊ တူနီးရှား၊ ဘောစနီးယား ဟာဇီဂိုးဗီးနား၊ တောင်အာဖရိက၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဆားဘီးယား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို စသည့် စုစုပေါင်းနိုင်ငံ ၁၄ နိုင်ငံအား သွင်းကုန်ခွန်တိုးမြှင့်စည်းကြပ်ထားမှုနှင့်ပတ်သက်၍ ဇူလိုင်လ ၇ ရက်နေ့တွင် သက်ဆိုင်ရာနိုင်ငံများသို့ သဝဏ်လွှာ/အကြောင်းကြားစာများ ပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာ/အကြောင်းကြားစာနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ထံ ညှိနှိုင်းပြန်ကြားသည့် သဝဏ်လွှာ/အကြောင်းကြားစာအား ဇူလိုင်လ ၉ ရက်နေ့ကပေးပို့ခဲ့သည်။

အဆိုပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ပြန်လည်ပေးပို့သည့် သဝဏ်လွှာ/အကြောင်းကြားစာ၌ သမ္မတကြီးထံမှ မိမိထံသို့ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၇)ရက်နေ့စွဲဖြင့် ပေးပို့သော စာလွှာအား ကျေးဇူးတင်ရှိစွာဖြင့် လက်ခံရရှိသည်ကို ဦးစွာအသိပေးအပ်ပါကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် အမေရိကန်ပြည်ထောင်စုကြီး တိုးတက်ကြီးပွားသာယာဝပြောရေးအတွက် စာမျက်နှာ ၅ ကော်လံ ၁ ✩

Chairman
State Administration Council
Republic of the Union of Myanmar

His Excellency Donald J. Trump
President of the United States of America
Washington, D.C.

Date: 9 July 2025

Dear Mr. President,

I have the honour to acknowledge receipt of Your Excellency's letter dated 7 July 2025, and to express my sincere appreciation for your correspondence.

It is with great esteem that I wish to acknowledge Your Excellency's strong leadership in guiding your country toward national prosperity with the spirit of a true patriot, as well as your continued efforts to promote peace on the global stage.

I am expressing my sincere appreciation for this encouraging invitation to continue participating in the extraordinary Economy of the United States, the Number One Market in the World.

We are truly grateful for the reduction of the original tariff rates imposed on Myanmar's Commodities from 44% to 40%. Myanmar has enjoyed a long-standing history of friendly relations and firm trade commitments with the United States. We have continued to make efforts to strengthen further and deepen the bilateral trade relations between our two countries.

We deeply acknowledge Your Excellency's distinguished efforts to advance your country's interest in addressing the trade deficits resulting from the imbalance of trade between the United States and Myanmar.

To being with, in furtherance of maintaining a balanced and mutually beneficial trade between Myanmar and the United States, we would like to propose to reduce the current tariff rates to the range of 10%-20% for the exports of Myanmar to the United States and reciprocally apply the tariff rates of 0%-10% on the United States' exports to Myanmar. We stand ready to dispatch a high-level negotiation team and discuss with the relevant authorities if needed.

However, Myanmar remains one of the Least Developed Countries (LDCs) to this day. Additionally, over the past five years, we have faced a series of unprecedented challenges, ranging from the overall impact of the COVID-19 pandemic to natural disasters, including a powerful 7.7-magnitude Mandalay earthquake, Cyclone Mocha, and Typhoon Yagi. At the same time, the government

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်သားရေစက်ရုံ(မိတ္ထီလာ)သို့သွားရောက်ကြည့်ရှုစစ်ဆေး

သတင်းစာမျက်နှာ- ၆ သို့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံတွင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ ကျန်းမာရေးအခြေအနေများအား သွားရောက်ကြည့်ရှုအားပေး၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

သတင်းစာမျက်နှာ- ၁၁ သို့

# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၁ ရက်)

## လူမှုစီးပွားဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့

ကမ္ဘာကြီးတွင်နေထိုင်ကြသောလူသားအရေအတွက် သန်း ၅၀၀၀ ပြည့်ခဲ့သောနေ့သည် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၁၁ ရက်ဖြစ်သည်။ ထိုနေ့ကိုအမှတ်တရရှိစေသောငှာ နှစ်စဉ် ဇူလိုင်လ ၁၁ ရက်ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် ကုလသမဂ္ဂအဖွဲ့ကသတ်မှတ်ခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရေးတကြီးဖြေရှင်းရမည့် မိသားစုစီမံကိန်း၊ ကျား မ တန်းတူညီမျှမှု၊ ဆင်းရဲမှုနွမ်းပါးမှု၊ ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေးနှင့် လူ့အခွင့်အရေးများ၏ အရေးပါမှုစသည့် လူဦးရေဆိုင်ရာပြဿနာရပ်များကို ပြည်သူလူထုအသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်တိုးမြှင့်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားများကိုကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လူဦးရေနေ့အခမ်းအနားများကို ၁၉၉၀ ပြည့်နှစ်မှစတင်ကျင်းပခဲ့သည်။ ထိုသို့ကျင်းပခြင်းမှာ ကုလသမဂ္ဂအဖွဲ့ကြီး၏ရည်မှန်းချက်၊ ဦးတည်ချက်နှင့်လုပ်ငန်းစဉ်များအပေါ် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံပီပီ အလေးထားပါဝင်ဆောင်ရွက်နေမှုကိုပေါ်လွင်စေသည်။ ကုလသမဂ္ဂ၏ထုတ်ပြန်ချက်အရ ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၈၀၀၀ ကျော်ရှိနေပြီဖြစ်သည်။ ရှေးယခင်က ကမ္ဘာ့လူဦးရေသန်း ၁၀၀၀ ပြည့်ရန် နှစ်ပေါင်းရာကျော်ကြာမြင့်ခဲ့သော်လည်း ယနေ့ကာလတွင် ဆေးဝါးနှင့်ကျန်းမာရေးစောင့်ရှောက်မှုများ၊ အဆင့်မြင့်နည်းပညာများနှင့် လူမှုဘဝများဖွံ့ဖြိုးတိုးတက်လာသည့်အပြင် လူဦးရေဆိုင်ရာမွေးဖွားနှုန်း၊ သေဆုံးနှုန်းများပြောင်းလဲလာခြင်းကြောင့် လူဦးရေသန်း ၁၀၀၀ တိုးရန်အချိန်သည် တဖြည်းဖြည်းမြန်ဆန်လာနေပြီဖြစ်သည်။

ကမ္ဘာ့လူဦးရေတိုးတက်လာသည်နှင့်အမျှ စားနပ်ရိက္ခာမပြည့်စုံခြင်းများ၊ သောက်သုံးရေရှားပါးပြတ်လပ်ခြင်းများ၊ ရာသီဥတုဖောက်ပြန်ခြင်းများ၊ ကူးစက်ရောဂါပျံ့နှံ့ခြင်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းများကို ယခင်ကထက်ပိုမိုရင်ဆိုင်ခံစားလာနေကြရသည်။ ထို့ပြင် တန်းတူညီမျှမှုမရှိခြင်းများ၊ ဆင်းရဲမှုများပြားလာခြင်းများ စသည့်လူနေမှုအဆင့်အတန်းများကွဲပြားပြီး လူတန်းစားကွာဟမှုပြဿနာများနှင့်လည်း ရင်ဆိုင်လာကြရသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်ဖွံ့ဖြိုးမှုနည်းပါးသည့်နိုင်ငံများတွင် အဆိုပါပြဿနာများဖြစ်ပွားမှုပိုမိုလာသည်။

လူသားတို့အတွက် စားဝတ်နေရေးသည် မရှိမဖြစ်အရာဖြစ်သည်။ ထိုအထဲမှ စားရေးသည်လည်း လူ့အသက်ရှင်ရေးအတွက်အဓိကဖြစ်သည်။ နိုင်ငံတိုင်းတွင် စားရေရိက္ခာဖူလုံနေမှသာ လူသားတို့အနေဖြင့် လူမှုစီးပွားများကိုအဆင်ပြေစွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးဦးတည်ချက်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏အဓိကလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့်တိုးတက်အောင်ဆောင်ရွက်လျက်ရှိပြီး ပြည်ပသို့တင်ပို့နိုင်သည်အထိဆောင်ရွက်လျက်ရှိသည်။ ဆိုလိုချင်သည်မှာ မြန်မာနိုင်ငံသည် ကမ္ဘာ့လူသားတို့အသက်ရှင်ရေးအတွက် စားနပ်ရိက္ခာဖြည့်ဆည်းပေးသည့်နိုင်ငံများတွင်ပါဝင်သည်ကို မီးမောင်းထိုးပြလိုခြင်းဖြစ်သည်။

ကမ္ဘာကြီးတွင် လူဦးရေများပြားနေခြင်းထက် အဆိုပါများပြားနေသည့်လူဦးရေသည် အရည်အချင်းရှိနေရန်လိုအပ်သည်။ အရည်အချင်းရှိသည့်လူသားများရှိနေမှ ကမ္ဘာကြီးကိုသာယာလှပအောင်စွမ်းဆောင်နိုင်မည်ဖြစ်သည်။ အရေအတွက်ထက်အရည်အချင်းသည်အရေးကြီးလှသည်။ လူဦးရေအဆမတန်များပြားနေပြီး ကမ္ဘာကြီးကိုပျက်စီးအောင် ဖျက်ဆီးမည့်သူများပေါ်များနေလျှင် လူသားတို့အတွက် အန္တရာယ်များနှင့်ကြုံတွေ့နေရမည်ဖြစ်သည်။ ကမ္ဘာမြေပေါ်သို့အခြေချနေထိုင်သူတိုင်းက လူသားအချင်းချင်း ချစ်ခင်မြတ်နိုးစိတ်ဖြင့်နေထိုင်ကြရန်လိုပေသည်။ စစ်ပွဲများဖန်တီးကာ လူသားတို့အသက်အိုးအိမ်စည်းစိမ်ဥစ္စာများပျက်စီးအောင် ဖျက်ဆီးနေသူတို့သည် ငြိမ်းချမ်းစွာနေထိုင်လိုသောလူသားတို့၏ဘုံရန်သူဖြစ်သည်။

ထို့ကြောင့် ဆင်းရဲမှု၊ တန်းတူမညီမျှမှု၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှု၊ ငြိမ်းချမ်းရေးနှင့်တရားမျှတမှုမရှိခြင်းတို့အပါအဝင် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများဖြေရှင်းနိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များကိုချမှတ်ပြီး အဖွဲ့ဝင်နိုင်ငံများက ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီအောင်ဆောင်ရွက်သွားကြရန်သဘောတူညီခဲ့ကြသည်။ အဆိုပါစဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ကိုအခြေခံပြီး နိုင်ငံတစ်နိုင်ငံချင်းစီက မိမိတို့နိုင်ငံအလိုက် ကြုံတွေ့နေရသည့်ပြဿနာများနှင့် အခက်အခဲများကိုဖြေရှင်းရန်၊ အချိန်မီကုစားရန်လိုအပ်မည်ဖြစ်သည်။ ထိုသို့အခက်အခဲများကိုကုစားရန်မှာ လူဦးရေနှင့်သန်းခေါင်စာရင်းပါအချက်အလက်များသည် အရေးပါသည်။

၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၁ ရက် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်မှာ **"လူမှုစီးပွားဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကိုအသုံးပြုစို့"** ဟူ၍ဖြစ်သည်။ နိုင်ငံတိုင်းတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ပတ်သက်သည့်အချက်အလက်အမှန်များကိုအခြေခံ၍ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းအချက်အလက်များကိုအသုံးပြု၍ ပြည်သူလူထု၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် **လူမှုစီးပွားဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကိုအသုံးပြုစို့**ဟူသော ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်နှင့်အညီ တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

---

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## ကမ္ဘာ့လူဦးရေနေ့

လူမှုစီးပွားဖွံ့ဖြိုးဖို့၊ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့

From Data to Development: Using Census For Socio-Economic Advancement

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်

---

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

---

### မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၁၀

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

---

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြစ်ကြီးနားမြို့နယ်နှင့်သန်လျင်မြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။




ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇူလိုင် ၁၀

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ပေါ်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၈၀ ပါးအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ECG စက်ဖြင့်နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား တပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကုလားဝဲကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၅ ပါးနှင့် ဒေသခံပြည်သူ ၁၃၉ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွာမကျောင်းတိုက်ဓမ္မာရုံ၌ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေး စကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဗထူးတပ်မြို့ရှိတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံရိက္ခာဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ကာ ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲပြုလုပ်

နေပြည်တော် ဇူလိုင် ၁၀

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့်ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းအကောင်းဆုံးဆုများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော မုံရွာတပ်နယ်အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။




အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး ဒိုင်းဆုရရှိသော မုံရွာတပ်နယ်အသင်းအား ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ ပြိုင်ပွဲဝင်အသင်း (၁၁) သင်းဖြင့် ဇူလိုင်လ ၆ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



နေပြည်တော် ဇူလိုင် ၁၀

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD Seal အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁၀

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။ (မိုး/၉၀)

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

"ကျွန်ုပ်၏လက်ထဲ၌ ပိုက်ဆံအသင့်အတင့်ရှိလျှင် သထုံသို့လာ၍ ထိုင်စားနေနိုင်ပါက တော်လိမ့်မည်ဟု စိတ်ကူးဖြစ်မိသည်။ ကျွန်ုပ်၏ယောက်ဖသည် ဤအကြောင်းကိုသိသောကြောင့် ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ဟန်မတူ။ သူ၏သား ဖိုးထူးရှိသောကြောင့် ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သော်လည်း (ပစ္စည်းနှင့်ပတ်သက်၍ ကံကောင်းသူတစ်ယောက်ဖြစ်သည့်အတိုင်း) သူလုပ်လေသမျှ ဟန်ကျခြင်းကိုတွေ့ရသည်. . ."

**ယမန်နေ့မှအဆက်**

### တတိယ အံ့သြစရာ

နောက်တစ်နေ့နံနက်၌ ကျွန်ုပ်တို့သည် ထမင်းစားပြီးသည်နှင့်တစ်ပြိုင်နက် ပြန်ခရီးဆက်ကြလေ၏။ သမ္မန်ဖြင့်ကူးကြ၍ မုတ္တမဘက်သို့ ရောက်ကြသောအခါ ဘဇံ၏ပစ္စည်းလေးထုပ်ကိုသယ်ယူရန် ကူလီငှားကြရာတွင် အံ့ဖွယ်ရာတစ်ခု ကြုံခဲ့ရသေး၏။

ရေဆိပ်နှင့် ရထားဘူတာရုံမှာ တစ်ဖာလုံခန့် ကွာလှမ်းသည်ထင်ရာ ကူလီတစ်ယောက်အား စုံစမ်းသောအခါ သုံးမတ် (၇၅ ဆင့်) ပေးရမည်ဆို၏။ ကျွန်ုပ် အံ့သြလျက်ရှိစဉ် ကုန်သည်ပီသသော ဘဇံက ဆင့် ၅၀ နှင့် ဆစ်လိုက်သေးရာ ကူလီများလည်း သဘောတူလက်ခံကြလေသည်။ အထုပ်လေးထုပ်ကို ကူလီနှစ်ယောက်သယ်ယူကြ၍ တစ်ယောက် ၂၅ ဆင့်စီ ခွဲဝေယူကြလေသည်။ ကျွန်ုပ်၏စိတ်ထဲ၌ ငါတို့အညာဆိုလျှင် ရထားကူလီများသည် တစ်ဖာလုံခရီးရောက်အောင် သယ်ပေးရမည်ဆိုပါက ဘယ်လောက်များ တောင်းလေမည်မသိဟု အံ့သြလျက်ရှိ၏။ ကျွန်ုပ်ထင်သည့်အတိုင်းပင် ပလိပ်ဘူတာသို့ ရောက်ကြသောအခါ ရထားပေါ်မှ ဤအထုပ်လေးထုပ်ကိုပင် လှည်းပေါ်သို့ တင်ပေးရုံအတွက် (တစ်ထုပ်တစ်ကျပ်) လေးကျပ်တောင်း၍ သုံးကျပ်နှင့် ခဲယဉ်းစွာ ဆစ်ယူရလေသည်။ ကျွန်ုပ်သည် ကူလီခ အတွက် နှမြောသောကြောင့် ဤကဲ့သို့ အကျယ်တဝင့်ဖော်ပြခြင်းမဟုတ်။ တစ်ပြည်တည်းအတွင်းဖြစ်လျက် အရပ်ရပ် ဈေးနှုန်းများ ဤမျှလောက်ကွာခြားခြင်းကို အံ့သြမိသောကြောင့်ဖြစ်၏။ လက္ခဏာမှာ အညာတွင် စက္ကူပေါပြီး ပစ္စည်းရှား၍ ဤအပိုင်းတွင် ပစ္စည်းပေါပြီး စက္ကူတန်ဖိုးရှိသည့်အတွက်ကြောင့် ဖြစ်ရပေသည်။ ကျွန်ုပ်၏လက်ထဲ၌ ပိုက်ဆံအသင့်အတင့်ရှိလျှင် သထုံသို့လာ၍ ထိုင်စားနေနိုင်ပါက တော်လိမ့်မည်ဟု စိတ်ကူးဖြစ်မိသည်။ ကျွန်ုပ်၏ယောက်ဖသည် ဤအကြောင်းကိုသိသောကြောင့် ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ဟန်မတူ။ သူ၏သား ဖိုးထူးရှိသောကြောင့် ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သော်လည်း (ပစ္စည်းနှင့်ပတ်သက်၍ ကံကောင်းသူတစ်ယောက်ဖြစ်သည့်အတိုင်း) သူလုပ်လေသမျှ ဟန်ကျခြင်းကို တွေ့ရသည်။

### စိုးရိမ်မိသော တံတားကြီး

ဤခရီးတွင် ကျွန်ုပ်တို့သည် လမ်း၌တစ်ရက် ရပ်နားရသေးလေသလော မမှတ်မိတော့။ ရန်ကုန်သို့ ည ၁၀ နာရီအချိန်ခန့်တွင်မှ ရထားဆိုက်ရောက်သွားခြင်းကိုသာ မှတ်မိပါတော့သည်။ ဤအချိန်တွင် တည်းခိုရန် ဟိုတယ်များလည်း ပိတ်ကုန်ကြပြီဖြစ်သောကြောင့် ကျွန်ုပ်တို့သည် သိမ်ကြီးဈေးဘက်သို့သွားကြရန် ဆုံးဖြတ်ကြ၏။ သို့ရာတွင် ကူလီလည်းမတွေ့၊ လန်ချားလည်းမရှိသောကြောင့် ဘဇံတို့ညီအစ်ကိုသည် အထုပ်လေးထုပ်ကို နှစ်ထုပ်စီ ခွဲဝေထမ်းယူလာကြရာ ကျွန်ုပ်မူကား ဆေးလွယ်အိတ်ကလေးကိုသာ လွယ်ယူနိုင်ပါသည်။ ဆူးလေဘုရားလမ်းခုံးတံတားကြီးပေါ်သို့ရောက်ကြ၍ ကျွန်ုပ်သည် ရှေ့မှတချို့၊ နောက်မှတချို့ လျှောက်လာကြသောခရီးသည်များကို ရပ်ကြည့်လိုက်သောအခါ ခရီးသည်ပေါင်း ၅၀ ခန့်ရှိခြင်းကို မှတ်မိပါသေးသည်။ အားလုံးသည် အထုပ်အပိုးကိုယ်စီနှင့် ရှိကြ၏။ ရန်ကုန်မြို့သည် ထိုအခါက ညတိုင်းမီးမထွန်းဘဲ မှောင်မည်းလျက်ရှိရာ အဖော်များများနှင့် လျှောက်ကြခြင်းကြောင့် အားရှိခြင်းကိုလည်း ကျွန်ုပ်မှတ်မိ၏။ ဤသို့ရှိစဉ် ဘဇံက "ကျွန်တော်တော့ လေးလှပြီအစ်ကိုကြီးရယ်၊ ခဏလောက်နားဦးမှဖြစ်မယ်" ဟုပြောလိုက်ရာ ကျွန်ုပ်ကလည်း မကူညီနိုင်သဖြင့် အထုပ်များကိုချ၍ ရပ်နားဖို့ သဘောတူလိုက်ရ၏။ ကျွန်ုပ်၏စိတ်ထဲ၌ကား အလွန်လူပြတ်သည့် ဤတံတားကြီးပေါ်တွင် တခြားခရီးသည်များနှင့်ခွဲပြီး ကျွန်ုပ်တို့သုံးယောက်တည်း ချန်နေရစ်ရမည့်အရေးကြောင့် စိတ်နှောင့်နှေးခြင်းရှိ၏။ တခြားခရီးသည်များ သွားကုန်ကြ၍ ကျွန်ုပ်တို့ချည်း ငါးမိနစ်ခန့် ချန်နေရစ်ရစေကာမူ တစ်စုံတစ်ရာမျှမဖြစ်သည်နှင့် တော်ပါသေး၏။ ဘဇံ အပန်းပြေသောအခါ ဆက်လက်သွားကြပြန်ရာ သိမ်ကြီးဈေးသို့မရောက်မီ သုံးကြိမ်တိုင်တိုင် ရပ်နားကြရလေသည်။ နာရီစင်သို့ရောက်ကြသောအခါ ကျွန်ုပ်တို့သည် အထုပ်များကိုချ၍ အိပ်ဖို့နေရာအတွက် စုံစမ်းကြလေ၏။ အုပ်ပေါင်းရှိခဲ့ပါမူ ကျွန်ုပ်သည် တွေ့အောင်ရှာ၍ အကူအညီတောင်းလိမ့်မည်ဖြစ်ရာ အုပ်ပေါင်းကား ဒုတိယတစ်ခေါက် ကျွန်ုပ်ရောက်စဉ်ကတည်းက ဖုံးထိမှန်၍ သေပြီးခဲ့လေပြီ။ ဘယ်မှာအိပ်ကြရပါမည်နည်း။

### မျှော်လင့်သောအိပ်ရာ

ရှေးယခင်အခါများကမူ တရုတ်တန်းရပ်ကွက်သည် ဓာတ်မီးတွေထိန်လျက် မိုးလင်းအောင်ရောင်းသော စားစရာဆိုင်များဖြင့် စည်ကားစွာရှိခဲ့ရာ ယခုမှာမူ တချို့သောတိုက်များမှ မီးကလေးတစ်ပွင့်တလေမှတစ်ပါး တစ်ရပ်လုံး မှောင်မည်းလျက်ရှိ၏။

ကျွန်ုပ်တို့အဖို့မှာ လမ်းပေါ်တွင်အိပ်ရုံမှတစ်ပါး တခြားနည်းလမ်းမရှိချေ။ သို့ဖြစ်၍ နာရီစင်အနီးအပါးတစ်ဝိုက်၌ နေရာစုံစမ်းကြရာ နာရီစင်၏တောင်ဘက်တွင် လမ်း၏အရှေ့ဘက်ရှိ ပလက်ဖောင်းပေါ်၌ သံပြားကြီးနှစ်ချပ် ချထားခြင်းကို တွေ့ရ၏။ မြေကြီးပေါ်၌ အိပ်ရခြင်းထက် သံပြားပေါ်၌အိပ်ရခြင်းက တော်သေးသည်ဆိုကာ ကျွန်ုပ်တို့သည် အထုပ်များကို သံပြားပေါ်တွင်ချ၍ အိပ်ဖို့နေရာပြင်ကြလေ၏။ ပြင်သည်ဆိုရသော်လည်း ကြီးကြီးကျယ်ကျယ်မဟုတ်။ ကျွန်ုပ်အဖို့မှာ လုံချည်တစ်ထည်ကိုခင်းပြီး ဆေးလွယ်အိတ်ကို ခေါင်းအုံးပြုလုပ်ရခြင်းသာဖြစ်၏။ ဘဇံတို့နှစ်ယောက်မှာ မာချာသောသံပစ္စည်းထုပ်ကြီးများကို ခေါင်းအုံးကြရ၍ ကျွန်ုပ်ထက်ပင် ဆိုးသေး၏။ များမကြာမီ တစ်တိုက်တလေမှထွက်လာသောမီးရောင်ပင် ငြိမ်းလိုက်ပြီဖြစ်၍ မှောင်အတိဖြစ်သွားခဲ့လေပြီ။ တပို့တွဲလပြည့်ကျော် ၃ ရက်နေ့ညလရောင်မှာလည်း (အရှေ့ဘက်မှ) တိုက်ကြီးများ ကွယ်လျက်ရှိသောကြောင့် ကျွန်ုပ်တို့ မမြင်နိုင်ချေ။ ဘဇံမှာ ကုန်ဝယ်လာသူဖြစ်၍ ငွေအတော်အတန်ပါသောကြောင့် စိုးရိမ်သည့်လက္ခဏာဖြင့် အိပ်ပျော်ဟန်မရှိပေရာ ကျွန်ုပ်၏ဆေးအိတ်မှာမူ ခေါင်းအုံးထားသည့်အတွက်ကြောင့် ခိုးယူ၍မဖြစ်နိုင်၊ လုယူမှရနိုင်မည်။ သို့နှင့်လည်း ဘိန်းစားအလွန်ပေါသော ရပ်ကွက်ဖြစ်သောကြောင့် စိုးရိမ်ရသေးသည်။ ကျွန်ုပ်မှာမူ ကိုယ်ပိုင်ပစ္စည်း ရှိစုမဲ့စုသာမက သူတစ်ပါး၏ပစ္စည်းများလည်း ပါသေးသောကြောင့် တော်တော်လေးများပါ၏။ သို့ရာတွင် ပစ္စည်းအတွက် စိုးရိမ်မဖက်တတ်သောဝါသနာကြောင့် သောကမရောက်လှပေ။ ကျောအောက်မှ သံပြားကြောင့် ကျောနာသည့်အတွက်သာ မအိပ်နိုင်ဘဲရှိနေပါသည်။ သံပြားပေါ်တွင် ပက်လက်လှန်ရင်း "ငါသည် တစ်ကြိမ်တစ်ခါ၌ ဤနေရာတွင် အိပ်ရလိမ့်မည်ဟု တစ်ယောက်ယောက်က ဗေဒင်ဟောပြောအံ့၊ ထိုသူအား လူရူးဟူ၍ ဆိုမိလိမ့်မည်ဖြစ်ရာ ဘယ်တုန်းကမှ မထင်ခဲ့သည့် နာရီစင်ကြီးအနီးပလက်ဖောင်းပေါ်၌ အိပ်ရသည်ဆိုခြင်းမှာ အလွန်ဆန်းကြယ်သည့် ကံတရားပေတကား" ဟု ကံအကြောင်းတရားကိုသာ အံ့သြလျက်ရှိပါတော့သည်။ (ဤနောက်ပိုင်း၌ ယင်းနေရာတစ်ဝိုက်သို့ ရောက်သွားသည့်အခါတိုင်း သံပြားကြီးများ ခင်းထားဖူးသည့်နေရာသို့သွား၍ ထိုစဉ်က အိပ်ခဲ့ရဖူးခြင်းအကြောင်းကို စားမြုံ့မပြန်ဘဲ မနေနိုင်အောင် ဖြစ်ခဲ့ရပါ၏။) နံနက်လင်းသောအခါမှ ယခင်တစ်ကြိမ် တည်းခိုခဲ့ဖူးသည့် တရုတ်ဟိုတယ်သို့ ထသွားကြရပါသည်။

### အကြွေးပေးရဲလိုက်ပုံ

တရုတ်ဟိုတယ်၌ နေရာရကြပြီးနောက် ဘဇံညီအစ်ကိုသည် ဝယ်စရာပစ္စည်းများ လိုက်လံရှာဖွေစုံစမ်းလျက်ရှိကြစဉ် ကျွန်ုပ်သည် ၎င်းတို့နှင့်အတူမလိုက်ဘဲ မြို့ထဲသို့လည်ရင်းပတ်ရင်း တစ်ယောက်တည်း ထွက်လာခဲ့၏။ ယင်းသို့လည်ပတ်စဉ် ဘယ်နည်းနှင့်ဘယ်လိုအဆက်ဖြစ်သွားသည်ဟု ကျွန်ုပ်မမှတ်မိတော့ပေ။ ရိုးသားပုံရသော လူတစ်ယောက်နှင့် ဆေးဝါးအကြောင်း စကားစပ်မိကြသည်နှင့် သူ၏အိမ်သို့ အလည်ခေါ်သွား၏။ ထိုသူသည်ဆေးလုံး၊ဆေးပြားများ အရောင်းအဝယ်လုပ်သူတစ်ယောက်ဖြစ်သည်ဟု ကျွန်ုပ်သိရ၏။ သူ၏သားမယားများလည်း ရိုးသားပုံရသည်ဟု ကျွန်ုပ်အကဲခတ်မိ၏။ ကျွန်ုပ်၌ ဆေးများပါကြောင်း ပြောပြရာတွင် ထိုလူသည် ဟိုတယ်သို့လိုက်လာ၍ ကျွန်ုပ်၏ ဆေးများကိုကြည့်ရာ ၎င်းတို့ကို သူဝယ်လိုသော်လည်း သူ့လက်ထဲ၌ ပိုက်ဆံမရှိသေးကြောင်းပြော၏။ တခြားလူများသည် ဤသို့သောအခြေအနေတွင် ဆေးများကို ပြန်၍သိမ်းလိမ့်မည်ထင်၏။ ကျွန်ုပ်မူကား ပိုက်ဆံအတွက် ကိစ္စမရှိချေ။ နှုန်းတည့်ဖို့သာ အရေးကြီးသည်ဟုပြော၍ ဈေးနှုန်းအကြောင်းစကားပြောကြရာ သူပေးသောဈေးနှုန်းမှာ မူလက ကျွန်ုပ်တို့မှန်းထားသလောက်မဟုတ်စေကာမူ လက်ရှိအခြေအနေအရ ရောင်းမည်ဆိုက ရောင်းထိုက်သည်ဟု ကျွန်ုပ်ဆုံးဖြတ်၏။ သူ ရွေးယူသောဆေးများအတွက် ကျသင့်ငွေ ၁၅၀၀ ကျပ်ခန့်ရှိရာ ကျွန်ုပ်က စရိတ်အတွက် ယခု လက်ငင်း ငွေ ၃၀၀ ကျပ် ပေးလိုက်လျှင် ကျန်ငွေကို ကျွန်ုပ်ထံ တစ်လအတွင်း ပို့လိုက်နိုင်သည်ဆိုကာ လိပ်စာပေးခဲ့မည်ဟုပြော၏။

ဆက်လက်ဖော်ပြပါမည်။

## ဒေးဒရဲမြို့နယ်၌ (၇၈) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များပြသ

ဒေးဒရဲ ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များပြသခြင်းကို ဇူလိုင်လ ၁၀ ရက်တွင် ခနောင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံ၍ အသိပညာ ဗဟုသုတများတိုးပွားလာစေရန်၊ စာပေဗဟုသုတများစွာ သိုလှောင်ထားသည့် ပညာဘဏ်တိုက်စာကြည့်တိုက်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီး စာပေလေ့လာဖတ်ရှုသည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ အားလပ်ချိန်များတွင် စာပေလေ့လာဖတ်ရှု၍ အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်စေရန်၊ စာအုပ်စာပေလေ့လာခြင်းအားဖြင့် အသိဉာဏ်ပညာဖွံ့ဖြိုးလာပြီး မိမိနိုင်ငံနှင့် မိမိလူမျိုးကို အကျိုးပြုနိုင်မည့် လူငယ်များဖြစ်ပေါ်လာစေရန် အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရိုန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်ပြသခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ဆွေးနွေးပြီး အာဇာနည်နေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို အသိပညာပေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များနှင့် (၇၈) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **အေဇာလင်း**

2

and the people are navigating significant challenges of domestic instability posed by drug trafficking, online fraud and scamming, and illicit arms smuggling.

Mr. President,

I would like to take this opportunity to share with Your Excellency the efforts made by our government and the people of Myanmar in response to the current situation in our country. Similar to the challenges you encountered during the 2020 election of the United States, we also experienced major electoral fraud and significant irregularities. Despite multiple attempts by some political parties and the Tatmadaw to address these concerns, the then-ruling party and the former Union Election Commission not only dismissed these requests but also failed to resolve the issues with the necessary transparency and accountability. Moreover, they suppressed the other political parties' grievances and calls for a review of the electoral results. With no recourse left to resolve the issues either through the then-ruling party or the former Union Election Commission, and amid growing confidence in the efforts of the political parties to demonstrate that the electoral outcome was compromised by the electoral malpractices, the Tatmadaw temporarily assumed the State's responsibilities under the Constitution. Subsequently, fabricated narratives circulated by certain news agencies then distorted the situation, shaping and leaving a negative image and perception of Myanmar's ongoing political developments within the international community.

Following the SAC's assumption of the State's responsibilities, a new Union Election Commission was reconstituted and proceeded to investigate the 2020 election under the relevant national laws. The investigation uncovered 11.3 million cases of voting fraud, accounting for 29.54% of the total votes nationwide. Based on the testimonies from individuals involved in the electoral malpractices, who had been subsequently found guilty, appropriate legal actions were taken. They acknowledged the courts' decisions and complied with resulting punishments. Having completed their sentences, they have now been released. In addition, the investigation into electoral fraudulence was also accepted as just and fair by legally registered political parties and the public.

I sincerely appreciate Your Excellency's efforts aimed at promoting global peace, in regulating broadcasting agencies and funds, which have sometimes exacerbated the existing conflicts. Assessments influenced by one-sided misinformation and distorted narratives ultimately led to the imposition of the

3

economic sanctions on Myanmar. I hereby respectfully request Your Excellency to reconsider easing and lifting the economic sanctions imposed on Myanmar, as they hinder the shared interests and prosperity of both our countries and the peoples.

Myanmar has consistently upheld the tradition of peaceful coexistence with other nations and remains committed to maintaining good relations with all countries. Similarly, Myanmar has no dispute with any other countries including the United States.

Mr. President,

Myanmar and the United States can enhance the existing bilateral trade relations by balancing tariffs and removing barriers, as Your Excellency proposed.

With best regards, I wish Your Excellency and the people of the United States good health, prosperity and every success in future endeavours.

Senior General Min Aung Hlaing
Chairman
State Administration Council
Republic of the Union of Myanmar

☆ **ရှေ့ဖုံးမှအဆက်**

မျိုးချစ်စိတ် အပြည့်အဝဖြင့် တာဝန်သယ်ပိုးထမ်းဆောင်လျက်ရှိသကဲ့သို့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဦးဆောင်ကြိုးပမ်းနေသည့်အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူကြောင်းပြောကြားလိုပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံအား လက်ရှိကမ္ဘာ့နံပါတ်(၁)ဈေးကွက်နှင့် အလွန်ကောင်းမွန်သော စီးပွားရေးရှိနေသည့် အမေရိကန်ပြည်ထောင်စုနှင့် ဆက်လက်ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်မှုအတွက်လည်း ကျေးဇူးတင်ဝမ်းမြောက်ကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

အမေရိကန်နိုင်ငံအနေဖြင့် မြန်မာ့ပို့ကုန်များအပေါ် (၄၄)ရာခိုင်နှုန်း အခွန်ကောက်ယူရန် မူလလျာထားချက်ကို (၄၀)ရာခိုင်နှုန်း ပြင်ဆင်လျာထားဆောင်ရွက်ပေးမှုအတွက်လည်း များစွာကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့်သမိုင်းကြောင်း ရှည်လျားကောင်းမွန်သည့်ဆက်ဆံရေးရှိခဲ့ပြီး ကုန်သွယ်မှုဆက်ဆံရေးခိုင်မာမှုကတိကဝတ်များကိုလည်း အစဉ်အမြဲထိန်းသိမ်းခဲ့ကြပါကြောင်း၊ အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေး တိုးမြှင့်နိုင်ရန်အတွက်လည်း မိမိတို့အစဉ်အမြဲ မျှော်လင့်ကြိုးပမ်းလျက်ရှိပါကြောင်း။

အမေရိကန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုမမျှတသဖြင့် အမေရိကန်ဘက်မှ လိုငွေကြီးမားစွာပြခြင်းအတွက် အဆွေတော်သမ္မတကြီးအနေဖြင့် အမေရိကန်နိုင်ငံ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းအပေါ် မိမိအပြည့်အဝ နားလည်ပါကြောင်း။

ကနဦးအနေဖြင့် မြန်မာ-အမေရိကန် နှစ်နိုင်ငံဘက်ညီမျှသော ကုန်သွယ်မှုဖော်ဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ ပို့ကုန်များအပေါ် အခွန် (၁၀)ရာခိုင်နှုန်းမှ(၂၀) ရာခိုင်နှုန်းနှင့် အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံသို့ သွင်းကုန်များအပေါ် (၀) ရာခိုင်နှုန်းမှ (၁၀) ရာခိုင်နှုန်းကြား ချိန်ညှိကောက်ခံသွားရန် အဆိုပြုညှိနှိုင်းလိုပါကြောင်း၊ လိုအပ်ပါက မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ အမြန်စေလွှတ်၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်လိုပါကြောင်း။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံး(LDC)နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်နေသည့်အပြင် လွန်ခဲ့သည့် (၅)နှစ်တာကာလအတွင်း ကိုဗစ်(၁၉)ကပ်ရောဂါ၊ သဘာဝဘေးအန္တရာယ်များဖြစ်သည့် မိုခါဆိုင်ကလုန်းမုန်တိုင်း၊ ရာဂိမုန်တိုင်း ရေကြီးရေလျှံမှုနှင့် ၇ ဒသမ ၇ မဂ္ဂနီကျူရှိ မန္တလေးငလျင်ကြီးများကြောင့် ပြင်းထန်သော စိန်ခေါ်မှုများ ဆက်တိုက်ကြုံတွေ့ခဲ့ရသဖြင့် မြန်မာပြည်သူများသည် ကြီးမားသောစိန်ခေါ်မှုများကို ကြံ့ကြံ့ခံရင်ဆိုင်ဖြေရှင်းနေရသည့် အချိန်လည်းဖြစ်ပါကြောင်း။

အလျဉ်းသင့်၍ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေတွင် မြန်မာအစိုးရနှင့် ပြည်သူများ၏ ကြိုးပမ်းဆောင်ရွက်နေမှုများကို အဆွေတော်အားအသိပေးလိုပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အမေရိကန်နိုင်ငံရွေးကောက်ပွဲတွင် အဆွေတော်သမ္မတကြီး ကြုံတွေ့ခဲ့ရသလို မိမိတို့နိုင်ငံ ရွေးကောက်ပွဲတွင်လည်း ကြီးမားသည့် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ၎င်းဖြစ်ရပ်များအတွက် အာဏာရပါတီနှင့် ရွေးကောက်ပွဲကော်မရှင်အား ပြန်လည်စိစစ်ပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်မှုမပြုဘဲ နိုင်ငံတော်အာဏာကို မဲမသမာမှုများဖြင့် ပေါ်ထွက်လာသည့် ရလဒ်အရ တရားမဲ့ရယူရန်ကြိုးပမ်းမှုသည် တရားမျှတမှုမရှိကြောင်း၊ အာဏာရပါတီ မဟုတ်သည့် အခြားသော နိုင်ငံရေးပါတီများကလက်ခံယုံကြည်ကြသောကြောင့် အခြေခံဥပဒေကအပ်နှင်းထားသော တာဝန်အရ တပ်မတော်မှ နိုင်ငံတော်တာဝန်ကို လွှဲပြောင်းတာဝန်ယူဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ မီဒီယာများ၏ မဟုတ်မမှန် ထုတ်လွှင့်ခဲ့မှုများကြောင့်သာ မြန်မာ့နိုင်ငံရေးဖြစ်စဉ်အပေါ် နိုင်ငံတကာအထင်အမြင်မှားမှုများဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ပါကြောင်း။

တပ်မတော်က နိုင်ငံတော်အာဏာကို တာဝန်ယူဆောင်ရွက်ချိန်တွင် ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်း၍ ဥပဒေနှင့်အညီ စိစစ်ခဲ့ရာ မဲအရေအတွက်(၁၁ ဒသမ ၃)သန်း (တစ်နိုင်ငံလုံး ၂၉ ဒသမ ၅၄ ရာခိုင်နှုန်း) မသမာမဲအဖြစ် စိစစ်တွေ့ရှိခဲ့ရပါကြောင်း၊ မဲမသမာမှုများအတွက် ထိုစဉ်ကတာဝန်ရှိသည့် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်ချိန်တွင် ၎င်းတို့၏ထွက်ဆိုချက်များအရ မဲမသမာမှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ဆောင်ရွက်ခဲ့သည်ကို စစ်ဆေးပေါ်ပေါက်ခဲ့မှုကြောင့် ၎င်းတို့အပေါ် တရားရုံးကချမှတ်သည့် ပြစ်ဒဏ်များကိုခံယူပြီး ယခုအခါ ပြန်လည်လွတ်မြောက်နေကြပြီဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းကာ မဲမသမာမှုများကို စစ်ဆေးဖော်ထုတ်ခဲ့မှု အခြေအနေသည်လည်း မှန်ကန်မျှတမှုရှိကြောင်း တရားဝင်ရပ်တည်လျက်ရှိသည့် နိုင်ငံရေးပါတီများနှင့် ပြည်သူအများစုက လက်ခံယုံကြည်ခဲ့ကြပါကြောင်း။

အဆွေတော်သမ္မတကြီးအနေဖြင့် ကမ္ဘာ့တည်ငြိမ်အေးချမ်းမှုကိုရှေးရှု၍ ပဋိပက္ခများ တိုးပွားစေသည့် သတင်းဌာနများနှင့် ရန်ပုံငွေစနစ်များကို ထိန်းချုပ်ပေးခြင်းအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ မမှန်မကန် သတင်းအချက်အလက်များကိုသာ တစ်ဖက်သတ်ထုတ်လွှင့်ခဲ့မှုများကြောင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များကို နိုင်ငံတကာကသိရှိမှုမရှိဘဲ သတင်းမှားများကိုအခြေခံကာ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများချမှတ်ခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ရပါကြောင်း၊ အမေရိကန်ပြည်ထောင်စုကလည်း မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများချမှတ်ထားရာ ထိုအရေးယူပိတ်ဆို့ထားမှုများသည် မိမိတို့ နှစ်နိုင်ငံအတွက် မည်သို့မျှအကျိုးမရှိခြင်းကြောင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကိုရှေးရှု၍ ယခင်က ချမှတ်ခဲ့သည့် စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျော့ရုပ်သိမ်းပေးရန်လည်း အထူးမေတ္တာရပ်ခံအပ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အစဉ်အဆက် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူဝါဒကို ကျင့်သုံးခဲ့ပြီး၊ မည်သည့်နိုင်ငံနှင့်မျှ ပဋိပက္ခအငြင်းပွားမှုမရှိခဲ့ဘဲ ၎င်းအစဉ်အလာကောင်းကိုလည်း ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း၊ အလားတူစွာပင် မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုအပါအဝင် အခြားမည်သည့် ကမ္ဘာ့နိုင်ငံများကိုမျှ အနှောင့်အယှက်ပေးမှုမရှိခဲ့သည်ကိုလည်း ပြောကြားလိုပါကြောင်း။

အဆွေတော်၏ အဆိုပြုချက်အတိုင်း ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများ ဖယ်ရှားခြင်း၊ အပြန်အလှန် အခွန်ကောက်ခံမှု ထိန်းသိမ်းခြင်းတို့ဖြင့် မြန်မာ-အမေရိကန်နှစ်နိုင်ငံကုန်သွယ်ရေးတိုးမြှင့်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း၊ အဆွေတော်နှင့် အမေရိကန်ပြည်သူပြည်သားများ ကျန်းမာရွှင်လန်းကြပါစေကြောင်း၊ အနာဂတ်လုပ်ငန်းစဉ်များတွင် အောင်မြင်မှုများဆွတ်ခူးနိုင်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ဖော်ပြပါရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်သားရေစက်ရုံ(မိတ္ထီလာ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိတပ်မတော်သားရေစက်ရုံ(မိတ္ထီလာ)သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံမှူးက ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် စက်ရုံသမိုင်းအကျဉ်း၊ စက်ရုံ၌ တပ်ဆင်အသုံးပြုလျက်ရှိသည့်စက်များ၏စွမ်းဆောင်နိုင်ရည်၊ ကရုန်းသားရေ၊ ဆိုးလ်သားရေနှင့် ဆိတ်သားရေတို့အား တစ်နှစ်လျှင်သားရေကုန်ကြမ်းထုတ်လုပ်ပေးနိုင်မှုနှင့်ထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်၊ စက်ရုံဝန်ထမ်းများအတွက် သက်သာချောင်ချိရေးဆောင်ရွက်ပေးနိုင်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာတပ်နယ်ရှိ တပ်မတော်သားရေစက်ရုံ(မိတ္ထီလာ) အတွင်း သားရေကုန်ကြမ်းထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် တပ်မတော်သားများ၏ဝတ်ရေးအတွက် အဆင်ပြေမှုရှိစေရေး တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် အဝတ်အထည်၊ အသုံးအဆောင်များဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတကာတွင်လည်း အစိုးရများအနေဖြင့် တပ်မတော်သားများ၏ ဝတ်ရေးနှင့်ပတ်သက်၍ စီမံဆောင်ရွက်ပေးမှုများရှိကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် တပ်မတော်သားအားလုံး၏ ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ အရည်အသွေးမြင့်ကုန်ပစ္စည်းများကို အသုံးပြု၍ ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ကုန်ကြမ်းပစ္စည်းများ ကောင်းရုံဖြင့်မရဘဲ လက်ရာများလည်း ကောင်းရန်လိုအပ်မည်ဖြစ်ကြောင်း၊ တပ်မတော်သားရေစက်ရုံ(မိတ္ထီလာ)အနေဖြင့် ယခုထုတ်ကုန်ပစ္စည်းများ၊ အရည်အသွေးများဖြင့် ကျေနပ်နေ၍မရဘဲ အရည်အသွေးပိုမိုမြင့်မားသည့် သားရေကုန်ကြမ်းထုတ်ကုန်များကို ထုတ်လုပ်ပေးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်နှင့် ပုဂ္ဂလိက သားရေအချောထည်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများအတွက် သားရေကုန်ကြမ်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှ သားရေထုတ်လုပ်မှုနည်းစဉ်များကိုလည်း စဉ်ဆက်မပြတ်လေ့လာဆောင်ရွက်သွားရန်လိုကြောင်း၊ ဖိနပ်လုပ်ငန်းအတွက်လိုအပ်သည့်သားရေများအပြင် အခြားလုပ်ငန်းသုံး သားရေပစ္စည်းများထုတ်လုပ်နိုင်ရေးအတွက်လည်း အရည်အသွေးမြင့်သားရေများ ထုတ်လုပ်ပေးနိုင်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်သားရေစက်ရုံ(မိတ္ထီလာ)အတွင်း သားရေကုန်ကြမ်းထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။

❖ **မိမိတို့တပ်မတော်အနေဖြင့် တပ်မတော်သားအားလုံး၏ ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ အရည်အသွေးမြင့်ကုန်ပစ္စည်းများကို အသုံးပြု၍ထုတ်လုပ်ပေးလျက်ရှိ၊ ကုန်ကြမ်းပစ္စည်းများ ကောင်းရုံဖြင့်မရဘဲ လက်ရာများလည်း ကောင်းရန်လိုအပ်မည် . . .**

❖ **တပ်မတော်သားရေစက်ရုံ(မိတ္ထီလာ)အနေဖြင့် ယခုထုတ်ကုန်ပစ္စည်းများ၊ အရည်အသွေးများဖြင့် ကျေနပ်နေ၍မရဘဲ အရည်အသွေးပိုမိုမြင့်မားသည့် သားရေကုန်ကြမ်းထုတ်ကုန်များကို ထုတ်လုပ်ပေးနိုင်ရေးဆက်လက်ကြိုးပမ်းဆောင်ရွက် . . .**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်သားရေစက်ရုံ(မိတ္ထီလာ)အတွင်းလှည့်လည်၍ သားရေရေစိုဌာန၊ သားရေအချောကိုင်ဌာန၊ သားရေဆိုးလ်ဌာနတို့အတွင်း သားရေကုန်ကြမ်းထုတ်လုပ်နေမှုအဆင့်ဆင့်အားကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ခင်းကျင်းပြသထားသည့် တပ်မတော်သားရေစက်ရုံ(မိတ္ထီလာ)မှ ထုတ်လုပ်ထားရှိသော သားရေကုန်ကြမ်းများအား ကြည့်ရှုကာလိုအပ်သည်များ လမ်းညွှန်မှာကြားပြီး စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ချင်းပြည်သစ်ကွန်ဂရက်ပါတီ [New Chinland Congress (NCC)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်
( ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက် )

**ချင်းပြည်သစ်ကွန်ဂရက်ပါတီ [New Chinland Congress (NCC)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ် (၄၅၉)တွင် ပါတီရုံးချုပ်(ယာယီ)ဖွင့်လှစ်ထားရှိသော **ချင်းပြည်သစ်ကွန်ဂရက်ပါတီ [New Chinland Congress (NCC)]** ကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ချင်းပြည်သစ်ကွန်ဂရက်ပါတီ [New Chinland Congress (NCC)]** ၏ မှတ်ပုံတင်အမှတ်မှာ ( ၅၇ ) ဖြစ်ပါသည်။

( ပုံ ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**(၁၀-၇-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး** (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀)**ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# ထိခိုက်ပျက်စီးမှုနည်းသော အပြာရောင်အဆင့် အဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံ၍ ခရီးသွားရာသီကာလ ခရီးသွားများပိုမိုဝင်ရောက်လာချိန် မတိုင်မီ အဆင်သင့်ဖြစ်နေစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၁၀**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် နေပြည်တော်ဟိုတယ်ဇုန်(၂)ဥတ္တရသီရိမြို့ရှိ ဟိုတယ်များမှလုပ်ငန်းရှင်များ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများအား ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်ဇုန်(၂)ရှိ ပြိုကျပျက်စီးနေသော အဆောက်အအုံများကို အမြန်ဆုံးဖယ်ရှားရှင်းလင်းပြီး သတ်မှတ်ချက်များနှင့်အညီ ပြန်လည်တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးမှုနည်းသော အပြာရောင်အဆင့်အဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံ၍ ခရီးသွားရာသီကာလ ခရီးသွားများပိုမိုဝင်ရောက်လာချိန်မတိုင်မီ အဆင်သင့်ဖြစ်နေစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်လုပ်ငန်းများ အမြန်ဆုံးပြန်လည်လည်ပတ်နိုင်စေရေးအတွက် လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဟိုတယ်များအနေဖြင့် ဟိုတယ်နှင့်ဆက်စပ်လုပ်ငန်းများကိုသာ လိုင်စင်သတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဟိုတယ်ဇုန် (၂) အတွင်းရှိ ဟိုတယ်များမှ လုပ်ငန်းရှင်များ၊ အထွေထွေမန်နေဂျာများနှင့်တာဝန်ရှိသူများက ဟိုတယ်များ၏ ထိခိုက်ပျက်စီးဆုံးရှုံးမှု၊ ပျက်စီးသောနေရာများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ထားရှိမှု၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းများပြန်လည်လည်ပတ်နေမှုနှင့် တွေ့ကြုံရသည့်အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ ဒီပလိုမာသင်တန်း အမှတ်စဉ်(၂) အပိုင်း(၁) သင်တန်းဆင်းပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၁၀

နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများဒီပလိုမာသင်တန်းအမှတ်စဉ်(၂)၊ အပိုင်း (၁) (Diploma in IFRS၊ Batch-2၊ Level-I) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါ်နိုင်သက်ဦး၊ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ သင်တန်းကထိကနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ဒုတိယစာရင်းစစ်ချုပ်က သင်တန်းမှသိရှိထားသည့် အသိပညာများသာမက ခေတ်ကာလနှင့်အညီ စာရင်းစံဆိုင်ရာပြောင်းလဲမှုများကို စဉ်ဆက်မပြတ်ဆက်လက်ဆည်းပူးရခြင်း၊ လုပ်ငန်းနယ်ပယ်တွင် လက်တွေ့အသုံးချခြင်း၊ ဌာနရှိဝန်ထမ်းများကို ပြန်လည်မျှဝေပေးခြင်းတို့ဖြင့် ဌာနအကျိုး၊ နိုင်ငံ့အကျိုးပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သင်တန်းသား ကိုးဦး၊ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများမှ သင်တန်းသား ၂၈ ဦး စုစုပေါင်းသင်တန်းသား ၃၇ ဦး တက်ရောက်ခဲ့ပြီး အပိုင်း (၃)အထိအောင်မြင်ပြီးမြောက်သူများကို ဒီပလိုမာဘွဲ့ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# မြိတ်မြို့တွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ရှင်းလင်းပြသခြင်း၊ သရုပ်ပြစမ်းသပ်မဲပေးခြင်းနှင့် နည်းပြဆရာဖြစ်သင်တန်းဖွင့်လှစ်

**မြိတ် ဇူလိုင် ၁၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးကိုကိုလွင်၊ တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက် ၁၀ နာရီတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးကျင်းပသည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ရှင်းလင်းပြသခြင်း၊ သရုပ်ပြစမ်းသပ်မဲပေးခြင်းနှင့် နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲသို့တက်ရောက်သည်။



ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် (တနင်္သာရီတိုင်းဒေသကြီးတာဝန်ခံ) ဦးကိုကိုလွင်က မဲပေးစက်တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြုန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်အားပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံတို့ကို လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ယခုသင်တန်းတွင် စနစ်တကျသင်ကြားပြသပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးညီညီလွင်က MEVM စက်အသုံးပြုရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများနှင့် ဖိတ်ကြားထားသူများက အီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခဲ့ကြပြီး ရွေးကောက်ပွဲနေ့တွင်ဆောင်ရွက်ရမည့် အစီအစဉ်များအတိုင်း မဲရုံဖွင့်လှစ်ခြင်း၊ မဲပေးခြင်း၊ မဲရေတွက်ခြင်းကို လက်တွေ့သရုပ်ပြဆောင်ရွက်ကြသည်။ အီလက်ထရောနစ် မဲပေးစက်အသုံးပြုမှု နည်းပြဆရာဖြစ်သင်တန်းကို သင်တန်းကာလသုံးရက်ဖွင့်လှစ်၍ သင်တန်းသား ၅၀တက်ရောက်ကြကြောင်း သိရသည်။

(ခိုင်ထူး ပြန်/ဆက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ယင်းမာပင်ခရိုင်၌ မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးစပါး ဧက ၁၀၃၄၀၀ စိုက်ပျိုးမည်

**ယင်းမာပင် ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးစပါး ဧက ၁၀၃၄၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ယင်းမာပင်ခရိုင်၌ မိုးစပါးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်၌ ဧက ၃၀၀၀၀၊ ကနီမြို့နယ်၌ ၄၄၁၅ ဧက၊ ဆားလင်းကြီးမြို့နယ်၌ ၂၃၂၈၅ ဧကနှင့် ပုလဲမြို့နယ်၌ ဧက ၄၅၇၀၀ စုစုပေါင်း ဧက ၁၀၃၄၀၀ တို့ဖြစ်ကြောင်းနှင့် အဆိုပါစိုက်ပျိုးမှုကို ယခုနှစ်ဇူလိုင်လမှစတင်၍ စက်တင်ဘာလအထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးစပါးစိုက်ပျိုးရာ၌ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မိုးစပါးစိုက်ပျိုးမည့် တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများအမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်သွားမည်ဖြစ်သည်။

စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရန် မြေဩဇာကို သဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရေး၊ စိုက်ပျိုးရေအပြည့်အဝရရှိရေးနှင့် ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ တွေ့ကြုံလာသည့် ရာသီဥတုအခြေအနေအပေါ်မူတည်၍ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရန်လိုအပ်ကြောင်း သိရသည်။

(၄၀၅)

# စေတုတ္တရာမြို့နယ်၌ မိုးရွာသွန်းမှုများသောကြောင့် မုန်းချောင်းတမံ ရေပိုလွှဲမှ ၁၁ ပေခန့်ရေကျော်ကျ

**စေတုတ္တရာ ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ ဇူလိုင်လ ၆ ရက်မှစ၍ မိုးရွာသွန်းမှုများသောကြောင့် တမံအတွင်း ရေဝင်ရောက်မှုတိုးလာခဲ့ပြီး ရေပိုလွှဲရေကျော်ကြလျက်ရှိရာ ဇူလိုင်လ ၁၀ ရက် နံနက် ၆ နာရီအချိန် တိုင်းထွာချက်အရ တမံရေပိုလွှဲမှ ၁၁ ပေ ရေကျော်ကျလျက်ရှိကြောင်းသိရသည်။

အဆိုပါ မိုးရွာသွန်းမှုများသောကြောင့် မုန်းချောင်းတမံအတွင်း မိုးရေဝင်ရောက်မှုများရှိခဲ့ပြီး တမံရေပြည့်အမှတ်ဖြစ်သည့် ပေ ၅၂၀ အထက်ရှိနေပြီး ရေပိုလွှဲမှ ၁၁ ပေခန့် ရေကျော်ကျလျက်ရှိနေကြောင်း၊ ထိုသို့ ရေပိုလွှဲမှ ရေကျော် ကျမှုရှိနေသည့်အတွက် မုန်းချောင်းတမံအောက်ဘက်ရှိ ရပ်ကွက်များနှင့် ကျေးရွာနေပြည်သူများအားသိရှိနိုင်ရန် အသိပေးနှိုးဆော်ထားကြောင်း စေတုတ္တရာမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။




စေတုတ္တရာမြို့နယ်အတွင်းရှိ ပြည်သူများ သဘာဝဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် တမံအတွင်းရေဝင်မှုအခြေအနေနှင့် တမံရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေများကို တမံရေကင်းတာဝန်ရှိသူများက ပြည်သူများသိရှိနိုင်ရန် အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဆန်းကိုကို(ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၇-၂၀၂၅ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | စိုက်ပျိုးသုတ |
| ၃။ | ၀၉:၀၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄။ | ၁၀:၀၀ | ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း |
| ၅။ | ၁၁:၀၀ | မြတ်ဗုဒ္ဓ၏သာသနာ |
| ၆။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု |
| ၇။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ |
| ၈။ | ၁၄:၀၀ | ပန်းပေါင်းစုံစွာအနုပညာ |
| ၉။ | ၁၅:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၀။ | ၁၆:၀၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၁၁။ | ၁၈:၀၀ | နပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၁၂။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း တစ်ဦးတည်းသောသား (ဒုတိယပိုင်း) သရုပ်ဆောင်-ရဲအောင်၊ စိုးမြတ်သူဇာ ဒါရိုက်တာ အောင်မြင့်မြတ်** |
| ၁၃။ | ည ၈ နာရီ သတင်းအပြီး | နိုင်ငံတကာသတင်း |
| ၁၄။ | | တရားတော် |

## MWD Education, Knowledge & Sports Channel

၁၁-၇-၂၀၂၅(သောကြာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၄ | Grade - 9 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၂။ | ၁၅:၂၀ - ၁၆:၁၇ | Grade - 9 | သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၁၇ - ၁၇:၁၇ | Grade - 9 | ပထဝီဝင်၊ သမိုင်း |
| ၄။ | ၁၇:၁၇ - ၁၈:၁၂ | Grade - 9 | သိပ္ပံ |

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၁-၇-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာ့တစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

## ပြည်သူချစ်တဲ့သား

❖ တို့ရွာက သူငယ်ချင်း
မင်းပုံထင်းထင်း သတင်းစာ။
စစ်စိမ်းရောင် ယူနီဖောင်းနှင့်
ဂုဏ်တင့်ပေစွာ။
ပြည်ကျိုးထမ်းရွက် မင်းပုံလွှာ
ဂုဏ်ယူစွာ တို့ရင်ထဲ။
မင်းရွေးခဲ့ လမ်းက
လှပလို့မြဲ။

❖ နိုင်ငံရန် ကင်းစင်ရေး
အသက်ပေးလို့ ကာကွယ်တာ။
သူငယ်ချင်း တို့ရွာသား
လေးစားမိဗျာ။
ပြည်သူအတွက် လသို့သာ
မြင်ရတာ စိတ်ရွှင်လန်း။
တိုင်းပြည်ကို တကယ်ချစ်တဲ့
မင်းရဲ့မှတ်တမ်း။

❖ နိုင်ငံအရေး မြဲရေးရှု
ကောင်းအောင်ပြုတဲ့ မင်းတို့တစ်တွေ။
ပင်မြင့်ဝေ ရနံ့သင်း
ဂုဏ်ဆင်းလှပေ။
နေပြင်းလည်း မန္တမ်းကြွေ
ခိုင်မြဲနေ မင်းစိတ်ထား။
တိုင်းပြည်ကို တကယ်ချစ်တဲ့
တို့ရဲ့ရွာသား။

❖ ပြည်သူ့ဘဝ နေထိုင်ရေး
ကူညီပေးတဲ့ စေတနာ။
မင်းတို့တွေ ဖောက်တဲ့လမ်း
အေးချမ်းသာယာ။
တံတားထိုးလို့ ဆည်ဆောက်ကာ
မြို့ကျေးရွာ မီးတွေလင်း။
လူမျိုးဘာသာ ဂုဏ်ရောင်တင့်လို့
မင်းတို့ချစ်ခြင်း။

❖ စံပြုထိုက်တဲ့ တို့ရွာသား
ဂုဏ်ဝင့်ကြွားလို့ ထွန်းတောက်နေ။
တပ်မတော်သားလို့ ခံယူထား
လေးစားထိုက်ပေ။
မင်းကိုချစ်တဲ့ တို့တစ်တွေ
စဉ်မြဲပေ မေတ္တာလောင်း။
တို့ပြည်သူ တို့ရွာသား
လေးစားမိကြောင်း။ ။

**မနော(ဖြူ)**

● **ကျောဖုံးမှအဆက်**

တစ်ဖက်တွင်လည်း တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ဒီမိုကရေစီလုပ်ငန်းစဉ်ဟုဆိုရာတွင် ရွေးကောက်ပွဲသည် မရှိမဖြစ်လုပ်ငန်းစဉ်တစ်ခုဖြစ်၍ လွတ်လပ်၍ တရားမျှတ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲကို အလေးထားဆောင်ရွက်ရန် ကတိကဝတ်လည်းထားရှိပြီးဖြစ်သည်၊ နိုင်ငံတော်အစိုးရအနေဖြင့်လက်နက်ကိုင်အဖွဲ့များကိုနိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်နိုင်ရေးအတွက် ၎င်းတို့အား တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ရန် ကမ်းလှမ်းထားပြီးဖြစ်သည်။

ယခုအခါ နိုင်ငံတွင်း၌ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားရင်ကြားစေ့ရေးအတွက် သက်ဆိုင်သူများပါဝင်သော စီးပွားရေးဖိုရမ်များ၊ ငြိမ်းချမ်းရေးဖိုရမ်များကျင်းပ၍ အကောင်းဆုံးသောနည်းလမ်းများကို ဖော်ထုတ်ဆောင်ရွက်လျက်ရှိနေသည်မှာ ပကတိဖြစ်ရပ်များပင်ဖြစ်ပါသည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်မြန်မာနိုင်ငံ၏ဖော်ပြပါအပြုသဘောလုပ်ငန်းစဉ်များကို ကုလသမဂ္ဂအနေဖြင့် တစ်စုံတစ်ရာ အသိအမှတ်ပြုခြင်းမရှိသည်မှာ အထူး စိတ်ပျက်ဖွယ်ရာပင်ဖြစ်သည်။ ဤလုပ်ရပ်များသည် ကုလသမဂ္ဂ၏ မျှတမှု၊ ဘက်မလိုက်မှု၊ အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာ အခွင့်အရေးကို လေးစားမှုနှင့် ပွင့်လင်းမြင်သာမှုစသည့်စံနှုန်းများကို သွေဖည်ဆန့်ကျင်လျက်ရှိသည်။

ကုလသမဂ္ဂအနေဖြင့် ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသော ပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ် ဆိုင်ရာကိစ္စရပ်များ၊ ကပ်ရောဂါဘေးဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးဖွံ့ဖြိုးတက်ရေး အရေးကြီးကိစ္စရပ်များ ဦးစားပေးဖြေရှင်းရမည့်အစား နိုင်ငံတစ်နိုင်ငံအပေါ် ပစ်မှတ်ထား ဆောင်ရွက်မှုများသည် ကုလသမဂ္ဂအပေါ်အဖွဲ့ဝင်နိုင်ငံများ၏ ယုံကြည်မှုကို လျော့ကျစေမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းပါ အခြေခံမူများကို ဆက်လက်လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့မှုနှင့် နိုင်ငံ့အရေးကိစ္စတို့ကို မြန်မာဦးဆောင်သည့်မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဆောင်ရွက်မှုများအား အသိအမှတ်ပြု၍ ပူးပေါင်းပါဝင်ရန် တိုက်တွန်းသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်**

# မစ္စတာ အဇက်ဒင်း ဘက်ကာအား မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အယ်လ်ဂျီးရီးယားပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ အဇက်ဒင်း ဘက်ကာအား ဟန္နိုင်းမြို့ အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အဇက်ဒင်း ဘက်ကာကို ၁၉၇၅ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် အယ်လ်ဂျီးရီးယားနိုင်ငံ၊ ဘတ်နာတက္ကသိုလ်မှ စီမံခန့်ခွဲမှုနှင့် စီးပွားရေးဆိုင်ရာဝိဇ္ဇာဘွဲ့၊ အင်္ဂလိပ်စာ အထူးပြုဝိဇ္ဇာဘွဲ့၊ လူ့အရင်းအမြစ်စီမံခန့်ခွဲမှုမဟာဘွဲ့နှင့် တူနီးရှားနိုင်ငံ၊ တူးနစ်မြို့ရှိ အယ်လ်မာနာတက္ကသိုလ်မှ ကျွမ်းကျင်မှုစီမံကိန်းနှင့်လူ့အရင်းအမြစ်မဟာဗျူဟာ စီမံခန့်ခွဲမှုဆိုင်ရာပါရဂူဘွဲ့ကိုရရှိခဲ့သည်။

မစ္စတာ အဇက်ဒင်း ဘက်ကာသည် ဘတ်နာအကောက်ခွန်ညွှန်ကြားမှုရုံးတွင် ၁၉၉၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်၊ ဧပြီလအထိ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် တူနီးရှားနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားသံရုံးတို့တွင် သံတမန်ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဧပြီလမှ ယနေ့အထိ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ကာ သားသမီး ၃ ဦးရှိသည်။

မြဝတီ

# စင်ကာပူတာတိုဖလား ကနူး / ကယက် လှေလှော်ပြိုင်ပွဲသို့ မြန်မာလှေလှော် အားကစားသမားများဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၁၀

စင်ကာပူနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၂ ရက်မှ ၁၃ ရက်အထိကျင်းပမည့် ၂၀၂၅ ခုနှစ်စင်ကာပူတာတိုဖလား ကနူး/ကယက် လှေလှော်ပြိုင်ပွဲ(2025 Singapore Sprint Cup)သို့ မြန်မာလှေလှော်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယင်းတာတိုဖလား ကနူး/ကယက်လှေလှော်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ ကနူး/ကယက် လှေလှော်အားကစားအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှလေကြောင်းခရီးဖြင့်ထွက်ခွာကြရာ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးသောင်းထိုက်မင်း၊ အထွေထွေအတွင်းရေးမှူး ဦးသက်လွင်နှင့်နည်းပြများ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါပြိုင်ပွဲသို့ အဖွဲ့ခေါင်းဆောင် ဒေါက်တာကျော်ရဲဟိန်းဦးဆောင်၍ အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားစုစုပေါင်း ၁၁ ဦး လိုက်ပါသွားကြကြောင်းနှင့် ပြိုင်ပွဲ၌ အိမ်ရှင်စင်ကာပူ၊ မြန်မာ၊ တရုတ်(တိုင်ပေ)၊ မလေးရှားနှင့် သြစတြေးလျနိုင်ငံတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

# လျှင်ဘေးဒဏ်သင့် အပြာရောင်အဆင့်သတ်မှတ်ထားသည့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများ၌ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၏ ပြန်လည်ပြောင်းရွှေ့နေထိုင်နေမှု ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၀

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးငလျင်ကြီးနှင့် နောက်ဆက်တွဲငလျင်ဒဏ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိဝန်ထမ်းအိမ်ရာ အဆောက်အအုံများတွင် သက်ဆိုင်ရာဌာနများမှ ကျွမ်းကျင်ပညာရှင်များက စစ်ဆေးအတည်ပြုပြီး အပြာရောင်အဆင့်သတ်မှတ်ထားသည့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ၌ ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုဝင်များ ပြန်လည်ပြောင်းရွှေ့နေထိုင်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အပြာရောင်အဆင့် သတ်မှတ်ထားသော ဝန်ထမ်းအိမ်ရာ အဆောက်အအုံများဖြစ်သည့် ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ဘူးကွဲအိမ်ရာရှိ တိုက်အမှတ်(၅၃၅၀) နှင့် တိုက်အမှတ်(၅၃၅၁)တို့တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၏ ပြန်လည်ပြောင်းရွှေ့နေထိုင်နေမှုအခြေအနေများ၊ ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို တာဝန်ယူပြုပြင်ဆောင်ရွက်ပေးလျက်ရှိသည့် Myanmar Peach Co.,Ltd. ၏ ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ အန္တရာယ်ကင်းရှင်းစေရေးနှင့် မိုးလုံလေလုံဖြင့် လုံလုံခြုံခြုံနေထိုင်နိုင်စေရေး၊ ရေ၊ မီးသုံးစွဲမှုများ အဆင်ပြေစေရေး၊ ရေလိုင်း၊ မီးလိုင်းများ ကောင်းမွန်စေရေးတို့အတွက် လိုအပ်သည်များကို ပြန်လည်ပြုပြင်ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားပြီး ဝန်ထမ်းများ၏ အခက်အခဲများနှင့် တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၇-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၀ | ၃၀၇၀ | ၃၀၄၀ | ၂၉၇၀ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၀ | ၃၀၃၀ | ၄၅၀၅ | ၃၃၂၀ | ၃၀၄၅ | ၃၀၅၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၀၅ | ၃၃၆၀ |
| 95 Ron | ၃၀၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | ၄၅၆၀ | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |
| HSD (500 ppm) | ၂၆၃၅ | ၂၇၅၀ | ၂၇၁၅ | ၂၆၅၀ | ၂၇၅၅ | ၂၇၇၀ | ၂၇၈၅ | ၂၇၀၅ | - | ၃၀၀၀ | ၂၇၂၀ | ၂၇၂၅ | ၂၇၉၅ | ၂၇၆၀ | ၂၇၈၀ | ၃၀၁၅ |
| HSD (50 ppm) | ၃၂၆၅ | ၃၃၈၀ | ၃၃၄၅ | ၃၂၈၀ | ၃၃၈၅ | ၃၄၀၀ | ၃၄၂၀ | ၃၃၄၀ | ၄၈၃၀ | ၃၆၃၀ | ၃၃၅၅ | ၃၃၅၅ | ၃၄၂၅ | ၃၃၉၀ | ၃၄၁၅ | ၃၆၇၀ |
| HSD (10 ppm) | ၃၂၆၅ | ၃၃၈၀ | ၃၃၄၅ | ၃၂၈၀ | ၃၃၈၅ | ၃၄၀၀ | ၃၄၂၀ | ၃၃၄၀ | - | ၃၆၃၀ | ၃၃၅၅ | ၃၃၅၅ | ၃၄၂၅ | ၃၃၉၀ | ၃၄၁၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၀ | ၂၈၇၉ |
| 95 Ron | ၂၈၄၂ | ၂၉၃၃ |
| HSD (500 ppm) | ၂၄၇၆ | ၂၅၅၅ |
| HSD (50 ppm) | ၃၀၉၀ | ၃၁၈၁ |
| HSD (10 ppm) | ၃၀၉၀ | ၃၁၈၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံတွင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ ကျန်းမာရေးအခြေအနေများအား သွားရောက်ကြည့်ရှုအားပေး၊ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာမြို့ရှိတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၏ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကားပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တာဝန်ရှိသူတစ်ဦးက မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် မိတ္ထီလာတောင်ကန်ပေါင်(ရန်ကုန်-မန္တလေး)လမ်း ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် ဇူလိုင် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ ညနေပိုင်းတွင် မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ထိုသို့အားပေးစကားပြောကြားရာတွင် ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၏ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် အစည်းအဝေးခန်းမတွင် ဆေးရုံတပ်မှူးက ဆေးရုံသမိုင်းအကျဉ်း၊ တပ်မတော်သားများနှင့်ဒေသခံပြည်သူများအား ဆေးအကာအကွယ်ပေးရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိမှု၊ အထူးကုသမှုများ၊ ရောဂါရှာဖွေရေးလုပ်ငန်းများ၊ အစားထိုးခွဲစိတ်ကုသရေးလုပ်ငန်းများနှင့် နယ်လှည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှုနှင့် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်နှင့် သက်သာချောင်ချိရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **တပ်မတော်သားများနှင့် မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသကဲ့သို့ ဒေသခံပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရန်လို**ကြောင်း၊ နယ်လှည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ချိန်တွင် ပြည်သူ့ကျန်းမာရေး ဟောပြောမှုများကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ အရက်သေစာသောက်စားမှုများကြောင့် ကျန်းမာရေးထိခိုက်မှုဖြစ်ပေါ်မှုများနှင့်ပတ်သက်၍လည်း ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားပြီး ဆေးရုံလိုအပ်ချက်များကိုမေးမြန်းကာ ဆေးရုံအုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများနှင့်ကုသမှုဆိုင်ရာအဆောက်အဦများ အဆင့်မြှင့်တင်တည်ဆောက်ပေးမည့်အခြေအနေများကို တာဝန်ရှိသူများအားမှာကြားသည်။

## မိတ္ထီလာတောင်ကန်ပေါင် (ရန်ကုန်-မန္တလေး)လမ်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာတောင်ကန်ပေါင်(ရန်ကုန်-မန္တလေး)လမ်းသို့ရောက်ရှိကြရာ တာဝန်ရှိသူများက မန္တလေးငလျင်ကြီး ဖြစ်ပေါ်ခဲ့မှုကြောင့် ကန်ပေါင်ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပြုပြင်ခြင်းလုပ်ငန်း

**စာမျက်နှာ ၁၂ သို့** ⇨





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ခရိုင်အားကစားကွင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

⇨ **စာမျက်နှာ ၁၁ မှအဆက်**

ဆောင်ရွက်ခဲ့မှုအခြေအနေများကိုရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များလမ်းညွှန်မှာကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မိတ္ထီလာကန်ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကန်ပေါင်ပတ်လမ်းနှင့်ပလက်ဖောင်းများစနစ်တကျဖြစ်စေရေး၊ ကန်ပေါင်ပေါ်၌ ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်နိုင်ရေးတို့နှင့်ပတ်သက်၍ တာဝန်ရှိသူများကို လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

**မိတ္ထီလာခရိုင်အားကစားကွင်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ခရိုင်အားကစားကွင်းသို့ရောက်ရှိကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

**❖ ခရိုင်အဆင့်အားကစားကွင်းဖြစ်သည်နှင့်အညီ အားကစားကွင်းနှင့်အားကစားကွင်းပုံစံအား အဆင့်မီပြုပြင်နိုင်ရေး ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်၊ ပွဲကြည့်ပရိသတ်များ အဆင့်မီမီကြည့်ရှုအားပေးနိုင်ရေး ခရိုင်အဆင့်နှင့်လျော်ညီသည့် ပွဲကြည့်စင်ပါရှိသည့် အားကစားကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ခွင့်ပြုပေးသွားမည်ဖြစ် . . .**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **ခရိုင်အဆင့်အားကစားကွင်းဖြစ်သည်နှင့်အညီ အားကစားကွင်းနှင့်အားကစားကွင်းပုံစံအား အဆင့်မီပြုပြင်နိုင်ရေးခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း၊ **ပွဲကြည့်ပရိသတ်များ အဆင့်မီမီကြည့်ရှုအားပေးနိုင်ရေး ခရိုင်အဆင့်နှင့်လျော်ညီသည့် ပွဲကြည့်စင်ပါရှိသည့် အားကစားကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ခွင့်ပြုပေးသွားမည်ဖြစ်**ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ကုန်တွင် မြန်မာနိုင်ငံဘဏ်လုပ်ငန်းကဏ္ဍရှိ ဖြစ်ပေါ်တိုးတက်မှုများနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ၌ လက်ခံကျင်းပမည့် (၅၃)ကြိမ်မြောက် ASEAN Banking Council အစည်းအဝေးနှင့် (၂၄)ကြိမ်မြောက် ASEAN Banking Conference တို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌဦးဆောင်၍ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ တွေ့ဆုံဆွေးနွေးရာ ASEAN Banking Council အစည်းအဝေးများတွင် ဆွေးနွေးမည့်အကြောင်းအရာများ၊ Panel Discussion ဆောင်ရွက်မည့်ကိစ္စရပ်များနှင့် ASEAN ဒေသအတွင်းရှိ နိုင်ငံများမှ ဘဏ်လုပ်ငန်းပညာရှင်များအား ဖိတ်ကြားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ကုန်တွင် မြန်မာနိုင်ငံဘဏ်လုပ်ငန်းကဏ္ဍရှိ ဖြစ်ပေါ်တိုးတက်မှုများနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲအခမ်းအနားကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်အတူ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အမှုဆောင်အရာရှိချုပ်များတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လက်ရှိကျင့်သုံးလျက်ရှိသောငွေကြေးမူဝါဒကို ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး၊ မေခရိုစီးပွားရေးညွှန်းကိန်းများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေများအရ ဗဟိုဘဏ်၏ ငွေကြေးမူဝါဒအပေါ် ထည့်သွင်းစဉ်းစား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ မေခရိုစီးပွားရေးအချက်အလက်များ အပါအဝင် စီးပွားရေးတိုးတက်မှုနှုန်းအပေါ် နှိုင်းယှဉ်ချက်များ၊ ပြည်တွင်းအလုပ်လက်မဲ့နှုန်းအခြေအနေ၊ ငွေကြေးဖောင်းပွမှုနှုန်း၊ ငွေကြေးပမာဏ၊ GDP တွင် ဘဏ်လုပ်ငန်းကဏ္ဍ၏ အပ်ငွေ၊ ချေးငွေနှင့် စုစုပေါင်းရရန်ပိုင်ခွင့်များပါဝင်မှု၊ ဘဏ်လုပ်ငန်းကဏ္ဍမှစီးပွားရေးကဏ္ဍများသို့ ချေးငွေများထုတ်ချေးထားမှုအခြေအနေနှင့် စည်းမျဉ်းသတ်မှတ်ချက်လိုက်နာမှုအခြေအနေများ၊ ငွေရေးကြေးရေး အားကောင်းခိုင်မာမှုညွှန်းကိန်းများကို သုံးသပ်ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသည့် နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ဒါရိုက်တာအဖွဲ့ဝင်များနှင့် စီမံခန့်ခွဲသူများက သက်ဆိုင်ရာဘဏ်အလိုက်ဆောင်ရွက်လျက်ရှိသည့် တိုးတက်မှုအခြေအနေများ၊ Internal Control စီမံထားရှိမှု၊ Risk Management အကောင်အထည်ဖော်မှု၊ ဗဟိုဘဏ်က ထုတ်ပြန်ထားသောစည်းမျဉ်းများလိုက်နာမှုနှင့်တရားစွဲချေးငွေများ၏အခြေအနေများဆွေးနွေးတင်ပြခဲ့ရာ ဗဟိုဘဏ်ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ပေါက်ခေါင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ လူငယ်စကားဝိုင်းကျင်းပ

ပေါက်ခေါင်း ဇူလိုင် ၁၀

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင်လ ၁၀ ရက်တွင် အဆိုပါကျောင်းခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က ကျောင်းသား၊ ကျောင်းသူများ အသိပညာများ တိုးတက်လာစေရေး၊ လူအများရှေ့တွင် ရဲဝံ့စွာပြောဆိုတတ်စေရေး၊ လူငယ်အချင်းချင်းရင်းနှီးချစ်ခင်မှုများ တိုးပွားလာစေရေးနှင့် စာဖတ်ရိန်မြှင့်တင်ရေးအတွက် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ Grade-11 မှ မလှယမင်းထွဋ်က လူငယ်နှင့်ယဉ်ကျေးမှု၊ Grade-7 မှ မဆုပြည့်သဇင်က လူငယ်နှင့်စာပေ၊ Grade-8 မှ မောင်ရှင်းသန့်အောင်က လူငယ်နှင့်စည်းကမ်း၊ Grade-6 မှ မောင်ဟိန်းဇာနည်ထွန်းက လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြသည်။

အဆိုပါလူငယ်စကားဝိုင်းသို့ အခြေခံပညာအထက်တန်းနှင့်အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°C | / | ၃၂°C |
| ရန်ကုန် | ၂၅°C | / | ၃၃°C |
| မန္တလေး | ၂၇°C | / | ၃၄°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ပညာသည်သာ ဘဝအဖော်မွန်

ကျော်တေဇ(ဥက္ကလာ)

**ပညာ** ဆိုတာ အကျိုးအကြောင်းကိုသုံးသပ်နိုင်စွမ်းရှိပြီး အဆိုး အကောင်းကိုခွဲခြားနိုင်တဲ့ အမွန်မြတ်ဆုံးသော ရတနာတစ်ပါးဖြစ်ပါတယ်။ လူတစ်ဦး၏ လူမှုဘဝအနာဂတ်ခိုင်မာစွာရပ်တည်နိုင်ဖို့ ပညာဟာ အကျွရာဖြစ်ပါတယ်။ အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတော်တစ်ခုဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကမောင်းနှင်အားကလည်း ပညာသာဖြစ်ပါတယ်။ ထို့ကြောင့် လူတစ်ဦးမှသည် နိုင်ငံတော်အထိ အဓိကအဖော်မွန်ဟာပညာသာဖြစ်တယ်လို့ ဆိုချင်ပါတယ်။

**ကျောင်းပညာရေးနှင့်ယနေ့လူငယ်**

ပညာရေးဟုဆိုလိုက်လျှင် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တိုင် ဆောင်ရွက်ပေးခဲ့တာကိုတွေ့မြင်ရမှာဖြစ်တယ်။ သို့သော် ကျေးလက်နှင့်မြို့ပြ စာတတ်မြောက်မှုရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများက နည်းပါးနေတာကို တွေ့ရပါတယ်။ ကျေးလက်နေပြည်သူများ၏ စာတတ်မြောက်မှုရာခိုင်နှုန်းနည်းပါးရခြင်းဟာ ကျောင်းရှိပေမယ့် ကျောင်းနေရာခိုင်နှုန်းနည်းပါးမှု၊ ပညာရေးဆုံးခန်းတိုင်အောင် သင်ယူမှုအားနည်းမှုတွေပဲ ဖြစ်ပါတယ်။

ဒီအားနည်းချက်တွေကို ပြန်ကြည့်ရင်လည်း ဘာသာစကားအခက်အခဲ၊ ပညာရေးအားပေးမှုနည်းပါးခြင်းနဲ့ လက်နက်ကိုင်လမ်းစဉ်တွေကြောင့်သာ အဓိကဖြစ်တာကို တွေ့ရှိရမှာပဲဖြစ်ပါတယ်။ ဒ့ါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးမှာ ကျေးလက်နေပြည်သူများ၏ ပညာရေးမြှင့်တင်မှုကို မလွဲမသွေဆောင်ရွက်ပေးရမယ်လို့ လမ်းညွှန်မှာကြားခဲ့တာပဲဖြစ်ပါတယ်။

ယနေ့ခေတ်ဟာ ပညာခေတ်ပဲဖြစ်ပါတယ်။ ပညာခေတ်ဖြစ်လို့ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ရေး၊ နိုင်ငံရေးစနစ်တည်ဆောက်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးထိ ရည်မှန်းချက်ပန်းတိုင်များကို လျှောက်လှမ်းနိုင်မှာပဲဖြစ်ပါတယ်။ ဒ့ါကြောင့် ယနေ့မျိုးဆက်သစ်လူငယ်များအတွက် ပညာရေးဟာ တစ်သက်တာအဖော်မွန်ဖြစ်တာကို မျက်ဝါးထင်ထင်တွေ့မြင်ကြရမှာပဲဖြစ်တယ်။

နိုင်ငံတော်ရဲ့အနာဂတ်အတွက် ယနေ့မျိုးဆက်သစ်လူငယ်တွေကို ပညာဆိုတဲ့အဖော်မွန်နဲ့ ယှဉ်တွဲထားရမှာပဲဖြစ်ပါတယ်။ ပညာဆိုတာ အကျိုးအကြောင်း၊ အဆိုးအကောင်းကို ခွဲခြားနိုင်ပါတယ်။ လူသားများရဲ့ ဘဝဟာ အသိပညာ၊ အတတ်ပညာပြည့်စုံမှုရှိ၊ မရှိ ဆိုတဲ့အပေါ်မှာ မူတည်ပြီး ကွာခြားချက်၊ ပြောင်းလဲမှုတွေဆက်တိုက်ဖြစ်ပေါ်နေတာကို တွေ့မြင်ရပါတယ်။ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆိုတဲ့ ဆောင်ပုဒ်အတိုင်းပါပဲ။ ယနေ့ကျောင်းနေအရွယ်လူငယ်တိုင်းဟာ ပညာသင်ဖို့ စာသင်ခန်းကိုယ်စီမှာ မဖြစ်မနေရှိနေရမှာပဲဖြစ်ပါတယ်။

ကျောင်းနေအရွယ် ကျောင်းမှာပညာသင်ကြားနိုင်မှသာ အတန်းပညာအပြင်၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှုတွေကိုလည်း ရရှိမှာဖြစ်ပါတယ်။ ဒ့ါအပြင် တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်များ ကိန်းအောင်းလာခြင်းမှစပြီး အမျိုးသားရေးစိတ်ဓာတ်မြင့်မားရေးအထိ နိုင်ငံတော်အတွက် မျှော်မှန်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လူသားတစ်ယောက်အတွက် ပညာဟူသော အဖော်မွန်သည်သာ ဘဝလက်တွဲဖော်ဖြစ်ကြောင်း မီးမောင်းထိုးပြလိုပါတယ်။

**ယနေ့ကြုံတွေ့နေရသော လူငယ်များနှင့် အကြမ်းဖက်လမ်းစဉ်**

ပညာဆိုတာ အကြောင်းအကျိုး၊ အကောင်းအဆိုးကို ဆန်းစစ်ခွဲခြားနိုင်တယ်လို့ ဆိုခဲ့ပြီးဖြစ်တယ်။ နိုင်ငံတော်ရဲ့စာရင်းကောက်ယူချက်များအရ မိမိတို့နိုင်ငံအနေဖြင့် လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းမှာ ပညာရေးအားနည်းလျက်ရှိကြောင်း နိုင်ငံတော်အကြီးအကဲက ပြင်ဦးလွင်ခရီးစဉ်မှာချပြခဲ့တာကို မှတ်သားရပါတယ်။ ၂၀၂၁ ခုနှစ် နိုင်ငံရေးဖြစ်စဉ်မှာ လူငယ်တွေအများအပြား ဆူပူအုံကြွမှုထဲမှာ ပါဝင်သွားခဲ့ကြတယ်။ အဖျက်အမှောင့်လုပ်ရပ်များရဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်အတိုင်း နောက်ဆုံးလက်နက်ကိုင်လမ်းစဉ်ထဲမှာ လမ်းဆုံးသွားကြပြီ။

ဒီအလှည့်အပြောင်းကိုပြန်ကြည့်ရင် အတန်းပညာနည်းပါးခြင်း၊ အတွေးအခေါ် နိမ့်ပါးခြင်းတွေအပေါ်အခြေခံပြီး လူငယ်အများစုကို ဝါဒမှိုင်းနဲ့သွတ်သွင်းခဲ့ကြတာတွေ့မြင်ကြရမယ်။ အကြမ်းဖက်လုပ်ငန်းစဉ်တွေထဲမှာ နစ်မွန်းနေတဲ့ လူတစ်စုထဲမှာ အုပ်စုနှစ်စုကွဲနေတာကိုလည်း တွေ့မြင်ရပြန်တယ်။ ဒါကတော့ အတန်းပညာနည်းပါးသူများ၊ အတန်းပညာတတ်မြောက်ပြီး အသိပညာနိမ့်ပါးသူများဆိုပြီး တွေ့ရပါတယ်။

ယနေ့ PDF အမည်ခံအကြမ်းဖက်အဖွဲ့များကို လူမှုကွန်ရက်အသီးသီးမှာ လေ့လာကြည့်ပါ။ PDF ခေါင်းဆောင်ဆိုတဲ့သူတွေဟာ ကျေးလက်ဒေသတွေမှာ ဘယ်လိုလူမျိုးတွေလည်းဆိုတာတွေ့မြင်ရပါမယ်။ တစ်နေ့စာရေးသူ စစ်ကိုင်းတိုင်းဇာတိဘက်က မိတ်ဆွေတစ်ယောက်နဲ့စကားပြောဖြစ်တယ်။ သူရွာပြန်လို့မရတဲ့အကြောင်း လက်ရှိဒီမြို့မှာပဲလုပ်စားကိုင်စားနေရတဲ့အကြောင်း ပြောပြလာတယ်။ သူ့အပြောလေးရှိတယ်။ **“ရွာရဲ့ PDF ခေါင်းဆောင်က အရင်ကရွာမှာ ဘယ်နေရာမှာမှ သုံးစားမရတဲ့ ငမူးငရူးဗျ။ အရင်ကတောင် ထင်ရာစိုင်းတာ၊ အခုလိုလက်ထဲသေနတ်ရလာတော့ ပိုဆိုးတယ်ဆရာရေ”** တဲ့ ။ လက်ရှိအနယ်နယ်အရပ်ရပ်မှာ ဒီလိုဖြစ်စဉ်တွေ ဒုနဲ့ဒေးပဲဆိုတာ အားလုံးသိကြမှာပါ။

မီးရထားလမ်းဗုံးခွဲရင်၊ လမ်းတံတားတွေကို ဖောက်ခွဲဖျက်ဆီးရင်၊ ဆက်သွယ်ရေးတာဝါတိုင်တွေကို ဖောက်ခွဲဖျက်ဆီးရင်၊ ဓာတ်အားခွဲရုံတွေကို ဖောက်ခွဲဖျက်ဆီးရင် နိုင်ငံတော်ရဲ့အစိုးရတစ်ရပ်ပြုတ်ကျပြီလို့ ထင်ထားကြတဲ့သူတို့အတွေး။ ဖောက်ခွဲဖျက်ဆီးမှုတွေရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကို ဘယ်သူတွေခံရမလဲဆိုတာကို မတွေးခေါ်နိုင်ကြဘူး။ ဒါဟာ အတန်းပညာတတ်မြောက်မှု အားနည်းချက် ရာခိုင်နှုန်းတွေကို ယနေ့ဖြစ်စဉ်တွေက ညွှန်းဆိုပြသထားတာပဲဖြစ်တယ်။ ရှိပါသေးတယ်။ အတန်းပညာတတ်မြောက်ခဲ့ပေမယ့် အတွေးအခေါ်မပြည့်မီတဲ့ အကြမ်းဖက်လုပ်ငန်းစဉ်တွေထဲက သူတွေဖြစ်ပါတယ်။ အတန်းပညာတွေတတ်မြောက်ခဲ့ပေမယ့် အသိပညာတွေးခေါ်သုံးသပ်နိုင်မှုမှာ နုန့်နဲ့တဲ့သူမျိုးတွေကို ဆိုလိုပါတယ်။ သူတို့ကတော့ အတန်းစဉ်အလိုက် ကူးပြောင်းနိုင်ခဲ့ပါရဲ့။ သို့သော် အသိပညာအားနည်းသူဖြစ်ခဲ့တယ်ဆိုတာမျိုးကို သုံးသပ်ရမှာပါ။

ဖြစ်စဉ်တစ်ခု။ နယ်တစ်နယ်မှာ အကြမ်းဖက်အမျိုးသမီးတစ်ဦး။ အရင်ကတော့ ကလေးမြို့ အစိုးရနည်းပညာအထက်တန်းကျောင်းမှာ ဆရာမဖြစ်ခဲ့ဖူးတယ်လို့ သတင်းတွေအရသိရပါတယ်။ နည်းပညာအထက်တန်းကျောင်းက ဆရာမတစ်ယောက်က လေယာဉ်တွေပေါ်မှာ sound box တွေနဲ့ သီချင်းဖွင့်ပြီး အောင်ပွဲခံတာကို မြေပြင်ကကြားလိုက်ရတယ်လို့ အာသာငမ်းငမ်းပြောဆိုခဲ့ဖူးပါတယ်။ နည်းပညာအထက်တန်းကျောင်းက ဆရာမရောဟုတ်ရဲ့လားလို့ စာရေးသူတွေးမိပါသေးတယ်။ ဒီလိုလူတွေ ယနေ့အကြမ်းဖက်လုပ်ငန်းစဉ်တွေထဲမှာ အများကြီးရှိနိုင်ပါသေးတယ်။ ဒ့ါကြောင့် သညာတတ်တွေလို့ စာရေးသူသုံးနှုန်းခြင်းပဲဖြစ်ပါတယ်။

ဒီလိုသညာတတ် ဆရာမမျိုးတွေက မွေးထုတ်ခဲ့ရင် ဘယ်လိုမျိုးဆက်သစ်တွေ ပေါ်ထွန်းလာမလဲ။ နိုင်ငံတော်အတွက် ရတက်မအေးစရာအနာဂတ်တွေကို စိုးရိမ်တကြီးမြင်ရမှာပဲဖြစ်ပါတယ်။ ဒ့ါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြင်ဦးလွင်ခရီးစဉ်ရဲ့ စာသင်ကျောင်းတစ်ခုမှာ–

**“မိမိတို့နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် မတည်မငြိမ်မှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကို ကြည့်မည်ဆိုပါက ပညာရေးအားနည်းသည့်ဒေသများ၌ ပိုမိုဖြစ်ပွားသည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း၊ အတန်းပညာတတ်မြောက်မှုအားနည်းခြင်း၊ သိမြင်တွေးခေါ်နိုင်မှုအားနည်းခြင်းတို့ကြောင့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာကြခြင်းဖြစ်ပြီး ဒေသနှင့်ဒေသခံများ၏ လူမှုစီးပွားဘဝများကိုပါ ထိခိုက်လာစေကြောင်း”**

**“ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့သင်ကြားပေးနေရသည့် ကလေးငယ်များအား အတန်းပညာသင်ကြားပေးခြင်းအပြင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိစေမည့် အသိပညာနှင့်အတွေးအမြင်များကို သင်ကြားပေးရမည်”** လို့ လမ်းညွှန်မှာကြားခဲ့တာကို တွေ့မြင်ခဲ့ရပါတယ်။

အတန်းပညာတတ်မြောက်မှုနဲ့ သင်ယူခဲ့မှုအားနည်းခဲ့လေလေ လူမှုစီးပွားဘဝတစ်ဦးချင်းစီမှ လူမှုဘဝများတည်ဆောက်ရေး၊ နိုင်ငံရေးစနစ်ကောင်းတစ်ရပ်တည်ဆောက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအထိ ပျက်စီးလာနိုင်လေလေပဲဖြစ်ပါတယ်။ ယနေ့ ကမ္ဘာကြီးမှာ ဘက်စုံစစ်ပွဲအသွင်တွေ ဆန်းသစ်လာလေလေ ပညာရေးအုတ်မြစ်အခြေခံကောင်းဖြင့် လူသားအရင်းအမြစ်ကောင်းများ ပိုမိုမွေးထုတ်နိုင်ဖို့ လိုအပ်လာလေလေပဲဖြစ်ပါတယ်။ ငြိမ်းချမ်းတဲ့နိုင်ငံတော်ကို ပိုင်ဆိုင်ချင်ရင်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကိုပိုင်ဆိုင်ချင်ရင် ပညာကိုသာဘဝအဖော်မွန်အဖြစ် ရွေးချယ်ကြရပါမယ်။ ဒါဟာ ယနေ့မျက်မှောက်ကမ္ဘာက ညွှန်းဆိုတဲ့သက်သေပြချက်တစ်ခုပါပဲ။

ဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်ဖြစ်တဲ့ **“တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး”** ဆိုတဲ့ ဦးတည်ချက်တွေကို ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ကြပါ။ ယနေ့ဆရာ၊ ဆရာမများအနေနဲ့ မိမိရဲ့တပည့်ကိုယ်စီကို အတွေးအခေါ် မြင့်မားပြီး အကောင်းအဆိုးကို ခွဲခြားသိမြင်နိုင်တဲ့ နိုင်ငံ့သားကောင်းများဖြစ်အောင် မွေးထုတ်ကြပါ။ မိဘပြည်သူများ၊ ကျောင်းသားလူငယ်များအနေနဲ့လည်း မိမိသားသမီးများဘဝရဲ့ အဖော်မွန်ဟာ ပညာပဲဆိုတဲ့အသိနဲ့ ပညာရေးကိုအားပေးကြပါလို့ စာပန်းချီခြယ်မှုန်းရင်း တိုက်တွန်းလိုက်ရပါတော့တယ်။ ။

❖ **ယနေ့ခေတ်ဟာ ပညာခေတ်ပဲဖြစ်ပါတယ်။ ပညာခေတ်ဖြစ်လို့ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ရေး၊ နိုင်ငံရေးစနစ်တည်ဆောက်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးထိ ရည်မှန်းချက်ပန်းတိုင်များကို လျှောက်လှမ်းနိုင်မှာပဲဖြစ်ပါတယ်။ ဒ့ါကြောင့် ယနေ့မျိုးဆက်သစ်လူငယ်များအတွက် ပညာရေးဟာ တစ်သက်တာအဖော်မွန်ဖြစ်တာကို မျက်ဝါးထင်ထင်တွေ့မြင်ကြရမှာပဲဖြစ်တယ်။**

❖ **ကျောင်းနေအရွယ် ကျောင်းမှာပညာသင်ကြားနိုင်မှသာ အတန်းပညာအပြင်၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှုတွေကိုလည်း ရရှိမှာဖြစ်ပါတယ်။ ဒ့ါအပြင် တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်များ ကိန်းအောင်းလာခြင်းမှစပြီး အမျိုးသားရေးစိတ်ဓာတ်မြင့်မားရေးအထိ နိုင်ငံတော်အတွက် မျှော်မှန်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လူသားတစ်ယောက်အတွက် ပညာဟူသောအဖော်မွန်သည်သာ ဘဝလက်တွဲဖော်ဖြစ်ကြောင်း မီးမောင်းထိုးပြလိုပါတယ်။**

**◆ စာမျက်နှာ ၁၅ မှအဆက်**

**လွတ်လပ်၍တရားမျှတသည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ**

မိမိတို့အနေဖြင့် ယခုနှစ် နှစ်ကုန်ပိုင်းတွင် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများအားလုံး ဆန္ဒမဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ မဲစာရင်းများ မှားယွင်းမှုမရှိစေရေး၊ မဲမသမာမှုမဖြစ်စေရေးတို့အတွက် စနစ်တကျကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပချိန်၌ နိုင်ငံတကာမှလေ့လာရေးအဖွဲ့များကိုလည်း ဖိတ်ခေါ်သွားမည်ဖြစ်ပြီး အချို့နိုင်ငံများက လာရောက်ရန်သဘောတူပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး မိတ္ထီလာခရိုင်အနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့်ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**သိန်းမင်းအမှတ်တံဆိပ် ငရုတ်သီးမှုန့်ထုတ်လုပ်ရေးလုပ်ငန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခရီးစဉ်တွင်လိုက်လာသည့် အဖွဲ့ဝင်များနှင့်အတူ မိတ္ထီလာမြို့၊ ဝမ်းတော်ပြည့်တိုးချဲ့နယ်မြေ (၈)၊ ကျီတော်ကုန်းရပ်ကွက်ရှိ သိန်းမင်းအမှတ်တံဆိပ်ငရုတ်သီးမှုန့်ထုတ်လုပ်ရေးလုပ်ငန်းသို့ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးတင့်နိုင်ဝင်းနှင့် ဒေါ်သန္တာမျိုးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် လုပ်ငန်းမှထုတ်လုပ်လျက်ရှိသည့် ငရုတ်သီးမှုန့် ထုတ်ကုန်များထုတ်လုပ်ထားရှိမှု၊ ပိုးသတ်ပြီးငရုတ်သီးများအား နေရောင်ခြည်စွမ်းအင်သုံးအခြောက်ခံစက် (Solar Dryer Domes) အတွင်း၌ ငရုတ်သီးအမျိုးအစားအလိုက် Moisture (၈ မှ ၁၀) အထိကျအောင်အခြောက်ခံထားရှိမှု၊ ငရုတ်ခြောက်များအား အညှာခြွေသန့်စင်မှု၊ သန့်စင်ပြီးငရုတ်ခြောက်များအား မှိုဝင်မှုမရှိစေရေး Moisture ၅ အထိကျအောင် အခြောက်ခံ၍ ကြိတ်ခွဲနေမှု၊ ထွက်ရှိလာသည့် ကုန်ချောများကို Packing ထုပ်ပိုးနေမှု စသည်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအဆင့်ဆင့်အား လိုက်လံကြည့်ရှုပြီး လုပ်ငန်းရှင်များ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးကာ အားပေးစကားပြောကြားသည်။

အဆိုပါ သိန်းမင်းအမှတ်တံဆိပ် ငရုတ်သီးမှုန့်ထုတ်လုပ်ရေးလုပ်ငန်းသည် ၁၉၈၀ ခုနှစ်ကတည်းက စတင်တည်ထောင်ထုတ်လုပ်ခဲ့သည့် မိရိုးဖလာလုပ်ငန်းဖြစ်ပြီး လက်ရှိအချိန်တွင် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သုံးစွဲနိုင်ရေးအတွက် စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း၊ မိတ္ထီလာဒေသအတွင်း၌ဒေသတွင်းတန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရမည်ဟူသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသမှထွက်ရှိသည့် ငရုတ်သီးများနှင့် ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့မှ ငရုတ်သီးများဖြင့် ငရုတ်ချဉ်၊ ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်နှင့် ငရုတ်ဆော့ စသည်တို့ကို ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ မိတ္ထီလာခရိုင်အပြင် ရန်ကုန်၊ မန္တလေး၊ မကွေး၊ တာချီလိတ်၊ နေပြည်တော်၊ ပျဉ်းမနား၊ တပ်ကုန်း၊ မော်လမြိုင်၊ ပြင်ဦးလွင်၊ ဘုတ်ပြင်း၊ နမ့်ဆန်၊ တောင်ကြီး၊ ရွှေညောင်၊ ပဲခူး၊ တောင်ငူတို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဈေးကွက်တိုးချဲ့နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် MSME ကုန်စည်ပြပွဲများ၌ ပြသဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်းရှိ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သကဲ့သို့ သွင်းကုန်အစားထိုး ပြည်တွင်းထုတ်ကုန်ဖြစ်သဖြင့် ယခုထက်ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**မိဘမေတ္တာ အဆင့်မြင့်ဆန်စက်လုပ်ငန်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခရီးစဉ်တွင်လိုက်လာသည့် အဖွဲ့ဝင်များနှင့်အတူ မိတ္ထီလာမြို့၊ မိဘမေတ္တာ အဆင့်မြင့်ဆန်စက်လုပ်ငန်းသို့ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးအောင်ရဲကျော်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်၊ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံမှကြိတ်ခွဲထုတ်လုပ်လျက်ရှိသည့် ဆန်များအား ကြည့်ရှုပြီး ဆန်စက်များမှထွက်ရှိလာသည့် စပါးခွံများကို အလေအလွင့်မရှိစေရေးအတွက် ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် ထင်းသုံးစွဲမှုကို လျော့ကျစေသည့် ထင်းအစားထိုး စပါးခွံလောင်စာတောင့်ထုတ်လုပ်နေမှု၊ အဆိုပါ စပါးခွံလောင်စာတောင့် အသုံးပြုသည့် Gasifier စက်ဖြင့် အင်ဂျင်လည်ပတ်ကာ လုပ်ငန်းသုံးလျှပ်စစ်ဓာတ်အား ပြန်လည်ထုတ်လုပ်နေမှု၊ စပါးအခြောက်ခံစက်အသုံးပြု၍ စပါးများအား အခြောက်ခံနေမှု၊ စပါးကြိတ်ခွဲစက်များမှ စပါးများကြိတ်ခွဲနေမှုတို့ကို လိုက်လံကြည့်ရှုပြီး လုပ်ငန်းရှင်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးကာ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပွင့်ဖြူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧက ၁၈၉၅၀ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဇူလိုင် ၁၀**


မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီက ဒေသတွင်းဆီစားသုံးမှုဖူလုံစေရေးအတွက် စိုက်ပျိုးခဲ့သော နှမ်းဧက ၁၈၉၅၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီက နှမ်း ၅၇၆၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါနှမ်းစိုက်ခင်းများကို ဇွန်လတတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧက ၁၈၉၅၀ အထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် နှမ်း ၇ ဒသမ ၁၂ တင်းခန့်ထွက်ရှိသည်။

"ပွင့်ဖြူမြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေကို ဇွန်လတတိယပတ်ကစပြီး ရိတ်သိမ်းခြွေလှေ့ခဲ့တာ လက်ရှိအချိန်ထိ ဧက ၁၈၉၅၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေနှမ်း ရိတ်သိမ်းတာနဲ့ပတ်သက်ပြီး အချိန်မီရိတ်သိမ်းကြဖို့၊ ရိတ်သိမ်းပြီးတဲ့နှမ်းတွေ အရည်အသွေးကောင်းမွန်စေဖို့အတွက် အမိုးအကာအောက်မှာ စနစ်တကျထားသိုထိန်းသိမ်းကြဖို့ စတဲ့နည်းပညာပေးလုပ်ငန်းတွေကို ကြီးကြပ်ဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသောနှမ်းများသည်အရည်အသွေးကောင်းမွန်ခြင်းကြောင့် တခြားစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးထွက်ရှိသောနှမ်းများထက် ဈေးကောင်းရရှိကာ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်၍ ဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ နှမ်းစိုက်တောင်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**




## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၀**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**


မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာမြို့ မိဘမေတ္တာ အဆင့်မြင့်ဆန်စက်လုပ်ငန်း၌ စပါးကြိတ်ခွဲစက်များမှ စပါးများကြိတ်ခွဲနေမှုကို ကြည့်ရှုစဉ်။

**❖ မြို့ပြစီမံကိန်းများတိုးချဲ့ရာတွင် နိုင်ငံ့စီးပွားရေးနှင့် စားရေရိက္ခာဖူလုံရေး၌ အဓိကကျသော လယ်မြေများကို အသုံးမပြုမိရန်လို . . .**

**❖ မိတ္ထီလာဒေသရှိ စီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်နှင့် ဝန်ကြီးဌာနများအလိုက် သက်ဆိုင်ရာဌာနများနှင့် ပညာရှင်များက မိတ္ထီလာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံများ၊ ရပ်မိရပ်ဖများနှင့်တိုင်ပင်၍ သုတေသနလုပ်ငန်းများဆောင်ရွက်သွားရန်နှင့် လက်တွေ့အသုံးချသွားရန်လိုပြီး အခြားဒေသများတွင်လည်း ထိုသို့ ဆောင်ရွက်သွားရန်လို . . .**

◆ စာမျက်နှာ ၁၇ မှအဆက်

**စီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်နှင့် ဝန်ကြီးဌာနများအလိုက် သက်ဆိုင်ရာဌာနများနှင့် ပညာရှင်များက မိတ္ထီလာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံများ၊ ရပ်မိရပ်ဖများနှင့်တိုင်ပင်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားရန်နှင့် လက်တွေ့အသုံးချသွားရန်လိုပြီး အခြားဒေသများတွင်လည်း ထိုသို့ဆောင်ရွက်သွားရန်လို**ကြောင်း၊ ကိုယ်စီတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ခြင်းဖြင့် လုပ်ငန်းရပ်များ တစ်ခုချင်းစီအလိုက် အောင်မြင်မှုရရှိလာမည်ဖြစ်ပြီး ဒေသနှင့် နိုင်ငံ၏စီးပွားသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံများတွင်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများ အများအပြားရှိကြကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံအတွင်းဖြစ်ပေါ်လျက်ရှိသည့် ပဋိပက္ခများ၊ နိုင်ငံရေးမတည်ငြိမ်မှုနှင့် သဘောထားကွဲလွဲမှုများကို ဖြေရှင်းဆောင်ရွက်နေရသဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိုက်သင့်သလောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မှုမရှိခြင်းဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်မှစ၍ ပြည်သူလူထုတစ်ရပ်လုံး လိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပြီး စီးပွားရေးနှင့်ပတ်သက်၍ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း။

**စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဧကအထွက်နှုန်းတိုးတက်စေရေး ဆောင်ရွက်ခြင်းဖြင့် ဒေသဝင်ငွေများ ပိုမိုတိုးတက်လာမည်ဖြစ်**

နိုင်ငံ့စီးပွားအားကောင်းစေရေးအတွက် ကုန်ထုတ်လုပ်မှု မြှင့်တင်ရမည်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုအားကောင်းရန်အတွက် နည်းပညာလိုအပ်ချက်များရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် "မျိုး၊ မြေ၊ ရေ၊ နည်း" စသည့် နည်းလမ်းလေးသွယ်သည် အရေးကြီးကြောင်း၊ အဆိုပါနည်းလမ်းလေးသွယ်အတိုင်း စနစ်တကျစိုက်ပျိုးဆောင်ရွက်မှသာ တစ်ဧကချင်းအထွက်နှုန်းများတိုးတက်လာပြီး စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း၊ **တွက်ချက်မှုများအရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း မိတ္ထီလာမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးထွက်ရှိမှုသည် ပန်းတိုင်ရည်မှန်းချက်မပြည့်မီခဲ့ဘဲ ပျမ်းမျှတစ်ဧကလျှင် ၆၂ ဒသမ ၆၅ တင်းသာထွက်ရှိခဲ့သဖြင့် ၃၇ ဒသမ ၃၅ တင်း လျော့နည်းခဲ့ကြောင်း၊ အဆိုပါအချိန်တွင်စပါးတစ်တင်း၏ ကာလပေါက်ဈေးမှာ ၂၂၀၀၀ ကျပ်ရှိသဖြင့် ပန်းတိုင်ရည်မှန်းချက်မပြည့်မီသောကြောင့် ငွေကျပ် ၁၀ ဒသမ ၃၆၉ ဘီလီယံလျော့နည်းဆုံးရှုံးခဲ့ရကြောင်း၊ မိတ္ထီလာခရိုင်တစ်ခုလုံးတွင် မိုးစပါးစိုက်ပျိုးမှု ပန်းတိုင်ရည်မှန်းချက်မပြည့်မီခဲ့သဖြင့် ငွေကျပ် ၇၉ ဒသမ ၇၉၁ ဘီလီယံ ဝင်ငွေလျော့နည်းခဲ့ရကြောင်း၊ အလားတူ နှမ်းစပါးထွက်ရှိမှုတွင်လည်း ပန်းတိုင်ရည်မှန်းချက်မပြည့်မီမှုကြောင့် ၄ ဒသမ ၆ ဘီလီယံ ဝင်ငွေလျော့နည်းခဲ့ကြောင်း၊ မြေပဲစိုက်ပျိုးမှုတွင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီမှုကြောင့် ငွေကျပ် ၄၆ ဒသမ ၈၉၅ ဘီလီယံ လျော့နည်းခဲ့ကြောင်း၊ နှမ်းစိုက်ပျိုးမှုတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီမှုမရှိခြင်းကြောင့် ၅၈၀ ဒသမ ၄၈ ဘီလီယံ လျော့နည်းခဲ့ကြောင်း၊ နေကြာ၊ ပဲတီစိမ်းစသည့်သီးနှံများအပါအဝင်မိတ္ထီလာခရိုင်အတွင်း တစ်ဧကပန်းတိုင်ရည်မှန်းချက်အထွက်နှုန်း မပြည့်မီမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွင် စုစုပေါင်း ငွေကျပ် ၉၈၀ ဘီလီယံခန့် လျော့နည်းဆုံးရှုံးခဲ့ရ**ကြောင်း၊ အဆိုပါအချက်ကို ကြည့်ခြင်းအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအား တစ်ဧကပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသစီးပွားရေးကို များစွာအထောက်အကူပြုနိုင်သည်ကိုတွေ့ရှိရသဖြင့် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်မှုရှိစေရေး စိုက်ပျိုးသည့်မျိုးများကောင်းမွန်ရန်လိုပြီး မျိုးကောင်းမျိုးသန့်များရရှိစေရေးအတွက် သုတေသနပြုလုပ်စိုက်ပျိုးရန်လိုကြောင်း၊ မြေပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုက်ဆန်လျှော်များစိုက်ပျိုးဆောင်ရွက်နိုင်သကဲ့သို့ မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများဖြင့်လည်း ဇီဝမြေဩဇာများကို အသုံးချနိုင်ကြောင်း၊ အလားတူ ရေလုံလောက်စွာရရှိရေး ရှိပြီးဖြစ်သည့်ရေအရင်းအမြစ်များကိုအသုံးချ၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြေအောက်ရေများ၊ မိုးရေများနှင့်မြစ်ရေတင်စီမံကိန်းများမှရေများကို အသုံးချဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် နည်းစနစ်ကျနစွာဖြင့် စိုက်ပျိုးရန်လည်း လိုအပ်မည်ဖြစ်ပြီး သတ်မှတ်ထားသည့် ကောက်ကွက်များအတိုင်း ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်ရန်နှင့် စိုက်ပျိုးသည့် အပင်များအားလုံး ရှင်သန်ဖြစ်ထွန်းမှုရှိစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**မိတ္ထီလာဒေသသည် မြန်မာနိုင်ငံ၏ အလယ်လမ်းဆုံကျသည့်ဒေသဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်**

မိတ္ထီလာဒေသသည် မြန်မာနိုင်ငံ၏ အလယ်လမ်းဆုံကျသည့်ဒေသဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် အလားအလာကောင်းများစွာကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်၍ နိုင်ငံအတွင်း နေရာဒေသအနှံ့အပြားသို့ တင်ပို့နိုင်သည့် အခြေအနေကို ပိုင်ဆိုင်ထားရှိသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်းဖူလုံမှုကို ဦးစွာဆောင်ရွက်ပြီး ပိုလျှံသည်များကို ပြင်ပသို့ ဆက်လက်တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ MSME ထုတ်ကုန်များသည်ပြည်တွင်းဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်သကဲ့သို့ ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းဖြစ်ထွန်းသည့် မီးဖိုချောင်သုံးသီးနှံများကို တိုးချဲ့စိုက်ပျိုး၍ တန်ဖိုးမြှင့်ပစ္စည်းအဖြစ်ထုတ်လုပ်ကာ တင်ပို့ရောင်းချခြင်းဖြင့် ဒေသနှင့်နိုင်ငံအတွက် ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများသည်လည်း တိုးတက်ပြောင်းလဲဖွံ့ဖြိုးလာနိုင်မည်ဖြစ်သဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်**

မိတ္ထီလာဒေသအတွင်း ပညာရေးအားနည်းချက်များရှိနေသည်ကို တွေ့ရှိရပြီး တန်းစဉ်ကူးပြောင်းမှု လျော့နည်းပြီး ကျောင်းနေရာခိုင်နှုန်း နည်းပါးသည်ကို တွေ့ရှိရကြောင်း၊ ဒေသတစ်ခုနှင့် နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ မိတ္ထီလာဒေသအနေဖြင့်လည်း ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ မိတ္ထီလာဒေသသည် ကောလိပ်များ၊ တက္ကသိုလ်များလုံလောက်စွာရှိပြီးဖြစ်ပြီး ပညာရေးနှင့်ပတ်သက်၍ အခွင့်အလမ်းကောင်းများ ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ဒေသတွင်းပညာတတ်များ ပေါ်ကြွယ်ဝစေရေး အားပေးဆောင်ရွက်သွားကြစေလိုကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်မှုရှိစေရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးရုံများအဆင့်မြှင့်တင်ပေးခြင်း၊ လိုအပ်သည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးနှင့်ဆက်စပ်၍ အားကစားကဏ္ဍမြင့်မားရေးကိုလည်း အားပေးမြှင့်တင်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အားကစားရုံများ၊ အားကစားကွင်းများ အဆင့်မြှင့်တင်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားကစားနှင့်ပတ်သက်၍ အခြေခံအဆောက်အဦနှင့် အထောက်အကူပြုပစ္စည်းများ ပြည့်စုံမှသာလျှင် အားကစားစိတ်ဓာတ်များပြည့်ဝလာမည်ဖြစ်ပြီး ပြည့်ပြည့်ဝဝလေ့ကျင့်အားထုတ်နိုင်မည်ဖြစ်ကြောင်း၊ နည်းစနစ်ပိုင်းနှင့် ကြံ့ခိုင်မှုအပိုင်း ပြည့်ဝမှုရှိစေရေးအတွက်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်အနေဖြင့်လည်း ကျန်းမာရေးနှင့် အားကစားကဏ္ဍမြင့်မားမှုရှိစေရေး အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း။

**မြေအသုံးချမှုများ စနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်လို**

မိတ္ထီလာခရိုင်အတွင်း စည်းကမ်းစနစ်တကျရှိစေရေးနှင့် မြေယာအသုံးချမှုများ မှန်ကန်မှုရှိစေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြေအသုံးချမှုနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေရိုင်းနှင့်ပတ်သက်သည့် ဥပဒေများကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပြီး သတ်မှတ်ပေးထားသည့် ခွင့်ပြုချက်များနှင့် အညီသာဆောင်ရွက်သွားရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့်ဥပဒေကသတ်မှတ်ပေးထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

စာမျက်နှာ ၁၄ သို့ ◆

# မည်သည့်အစိုးရ နိုင်ငံတော်တာဝန်ယူသည်ဖြစ်စေ ကိုယ်တိုင်အလုပ်လုပ်မှ အကျိုးခံစားခွင့်နှင့် တိုးတက်မှုများရရှိမည်ဖြစ်၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်သွားကြရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**◆ ကျောဖုံးမှအဆက်**

ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာညွန့်ဖေ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME)လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြ**

ဦးစွာ မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မိတ္ထီလာခရိုင်အတွင်းသို့ရောက်ရှိစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ မန္တလေးငလျင်ကြီးကြောင့် နိုင်ငံပိုင်နှင့် ပြည်သူပိုင် အဆောက်အဦများထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအပေါ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်မှု၊ မိတ္ထီလာမြို့ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်းဆိုလာဓာတ်အားပေးစက်ရုံများ တည်ဆောက်လည်ပတ်လျက်ရှိမှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်မှု၊ ခရိုင်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေပေးဝေရေး ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

**❖ ဒေသအလိုက်၊ ရပ်ကွက်ကျေးရွာများအလိုက် Green Zone များ ဖော်ဆောင်ကြရန်လို၊ အပူရှိန်လျှော့ချရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး ကျေးရွာ၊ ရပ်ကွက်တစ်ခုချင်းစီအလိုက် မိမိတို့ကျေးရွာ၏ အနီးဝန်းကျင်တွင် သစ်တောသစ်ပင်အနည်းဆုံး ၂ ကေခန့်စိုက်ပျိုးခြင်းများကို ဆောင်ရွက်၍ Green Zone များ ဖော်ဆောင်ကြရန်လို . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာမြို့ ဝမ်းတော်ပြည့်တိုးချဲ့နယ်မြေ(၈) ကျီတော်ကုန်းရပ်ကွက်ရှိ သိန်းမင်းအမှတ်တံဆိပ်ငရုတ်သီးမှုန့်ထုတ်လုပ်ရေးလုပ်ငန်း၌ ငရုတ်သီးမှုန့်ထုတ်ကုန်များထုတ်လုပ်ထားရှိမှုကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာမြို့ ဝမ်းတော်ပြည့်တိုးချဲ့နယ်မြေ(၈) ကျီတော်ကုန်းရပ်ကွက်ရှိ သိန်းမင်းအမှတ်တံဆိပ်ငရုတ်သီးမှုန့်ထုတ်လုပ်ရေးလုပ်ငန်း၌ ငရုတ်သီးခြောက်များအား အညှာခြွေသန့်စင်နေမှုကို ကြည့်ရှုစဉ်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးက မိတ္ထီလာခရိုင်အတွင်း သန့်ရှင်းသာယာလှပရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းကောင်းမွန်ရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုရှိစေရေး၊ မိတ္ထီလာမြို့ ရေရရှိရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က တိုင်းဒေသကြီးအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာမြို့ ဝမ်းတော်ပြည့်တိုးချဲ့နယ်မြေ(၈) ကျီတော်ကုန်းရပ်ကွက်ရှိ သိန်းမင်းအမှတ်တံဆိပ် ငရုတ်သီးမှုန့်ထုတ်လုပ်ရေးလုပ်ငန်း၌ ပိုးသတ်ပြီးငရုတ်သီးများအား နေရောင်ခြည်စွမ်းအင်သုံးအခြောက်ခံစက်(Solar Dryer Domes)အတွင်း၌ ငရုတ်သီးအမျိုးအစားအလိုက် Moisture (၈ မှ ၁၀ အထိ)ကျအောင် အခြောက်ခံထားရှိမှုကို ကြည့်ရှုစဉ်။

ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ဆီထွက်သီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

**ဖြည့်စွက်ဆွေးနွေးမှာကြား**

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **မည်သည့်အစိုးရ နိုင်ငံတော်တာဝန်ယူသည်ဖြစ်စေ ကိုယ်တိုင်အလုပ်လုပ်မှ အကျိုးခံစားခွင့်နှင့် တိုးတက်မှုများရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်သွားကြရန်လို**ကြောင်း၊ မိတ္ထီလာဒေသစိမ်းလန်းစိုပြည်ရေးအတွက် **ဒေသအလိုက်၊ ရပ်ကွက်ကျေးရွာများအလိုက် Green Zone များဖော်ဆောင်ကြရန်လို**ကြောင်း၊ **အပူရှိန်လျှော့ချရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး ကျေးရွာ၊ ရပ်ကွက်တစ်ခုချင်းစီအလိုက် မိမိတို့ကျေးရွာ၏အနီးဝန်းကျင်တွင် သစ်တောသစ်ပင် အနည်းဆုံး ၂ ဧကခန့် စိုက်ပျိုးခြင်းများကိုဆောင်ရွက်၍ Green Zone များဖော်ဆောင်ကြရန်လို**ကြောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် အမြန်လမ်းမကြီး လမ်းဘေးဝဲယာ၌သစ်ပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လိုပြီး ရှင်သန်မှုမရှိသည့်သစ်ပင်များ၊ ရှင်သန်မှုရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးသွားခဲ့သည့်သစ်ပင်များနေရာ၌ အစားထိုးပြန်လည်စိုက်ပျိုးခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ရေးဆွဲဆောင်ရွက်ရာတွင် နောင်အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်မည့် လူဦးရေနှင့် အခြေခံလိုအပ်ချက်များကိုပါ ထည့်သွင်းတွက်ချက်၍ အသေးစိတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ **မြို့ပြစီမံကိန်းများတိုးချဲ့ရာတွင် နိုင်ငံ့စီးပွားရေးနှင့် စားရေရိက္ခာဖူလုံရေး၌ အဓိကကျသော လယ်မြေများကို အသုံးမပြုမိရန်လို**ကြောင်း၊ မိတ္ထီလာခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ခရိုင်အတွင်း လိုအပ်သည့်လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့် တိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ရေဖူလုံမှုရှိစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည့် သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းများကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်ဧကချင်း အထွက်နှုန်းများတိုးတက်စေရေး၊ မီးဖိုချောင်သုံးသီးနှံများ ပိုမိုတိုးတက် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသတွင်း ကျောင်းနေအရွယ်ကလေးငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ပညာရည်မြင့်မားစေရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေးနှင့် အခြားကဏ္ဍများအလိုက် ဒေသတွင်းတိုးတက်မှုရှိအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြို့သာယာလှပရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ထမ်းများသာမက မြို့နေလူထုမှလည်း ကိုယ်စီအသိစိတ်ဓာတ်ဖြင့် အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ သန့်ရှင်းသာယာလှပမှုကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်း ထိန်းသိမ်းကြပ်မတ်ရန်တာဝန်ရှိသူများက စနစ်တကျ ထိန်းသိမ်း ကြပ်မတ်ရမည်ဖြစ်သကဲ့သို့ စီးနင်းသူများကလည်း သတ်မှတ်စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် မိတ္ထီလာဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်မှုရှိစေရေး ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမြေများကို စနစ်တကျဖြင့် မှန်မှန်ကန်ကန် အသုံးချမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ မိတ္ထီလာဒေသအတွင်း မြစိမ်းရောင်စီမံကိန်းဖြင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိမှု၊ ဝါစိုက်ပျိုးမှုနှင့်ထုတ်လုပ်မှုတိုးတက်စေရေး သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးထားမှုနှင့် ဝါကြိတ်စက်များ တည်ထောင်ပေးထားမှု၊ တောင်သူများအတွက် လိုအပ်သည့်အကူအညီများပေးအပ်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာမြို့ မိဘမေတ္တာအဆင့်မြင့်ဆန်စက်လုပ်ငန်း၌ ဆန်စက်များမှထွက်ရှိလာသည့် စပါးခွံများကို အလေအလွင့်မရှိစေရေး ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် ထင်းသုံးစွဲမှုကိုလျှော့ကျစေသည့် ထင်းအစားထိုးစပါးခွံလောင်စာတောင့်ထုတ်လုပ်နေမှုကို ကြည့်ရှုစဉ်။

**ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတိုးတက်စေရေး အလေးထားဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် မိတ္ထီလာဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့် လမ်းညွှန်မှာကြားခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိတ္ထီလာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးအရဖွံ့ဖြိုးတိုးတက်ခြင်းနှင့် လူမှုရေးအရဖွံ့ဖြိုးတိုးတက်ခြင်းဟူ၍ နှစ်ပိုင်းရှိကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ မိတ္ထီလာဒေသတွင် ကြီးမားသည့် စက်ရုံ အလုပ်ရုံများမရှိသော်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းပင်ဖြစ်ပြီး စီးပွားရေးအားကောင်းစေရန်အတွက် ဒေသတွင်းဝင်ငွေရရှိအောင် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ဝင်ငွေရရှိရန်အတွက် ကုန်ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်ရန်လိုပြီး ကုန်ထုတ်လုပ်မှုများအတွက် လိုအပ်သည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ လုံလောက်စွာရရှိစေရေး သက်ဆိုင်ရာဌာနများအလိုက် သုတေသနလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ **မိတ္ထီလာဒေသရှိ**

**စာမျက်နှာ ၁၅ သို့ ◆**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets district and township level departmental officials, local elders and MSME entrepreneurs from Meiktila District, Mandalay Region, and discusses regional development

NAY PYI TAW July 10

ဆက်လက်၍အစည်းအဝေးသို့တက်ရောက်လာသည့်ကော်မတီအဖွဲ့ဝင်များကမိမိတို့ဌာနများအလိုက် တိုင်းဒေသကြီးအတွင်းရှိခရီးသွားဇုန်များ၌ သန့်ရှင်းသပ်ရပ်မှု လုပ်ငန်းများဆောင်ရွက်ထားရှိမှုများ၊ ခရီးသွားများ သွားလာရေး၊ နေထိုင်ရေးနှင့် ဟိုတယ်/ တည်းခိုရိပ်သာများပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ဟိုတယ်/တည်းခိုရိပ်သာလုပ်ငန်းရှင်များက မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့်ပတ်သက်၍ဖြည့်ဆည်းပေးရန်လိုအပ်မှုအခြေအနေများကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး၊(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီးအတွင်း နို့စားနွားမွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် မကျီးပင်ပုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် အစုအဖွဲ့လေးဖွဲ့မှ နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် နို့စားနွားမွေးမြူသူတောင်သူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ မွေးမြူရေးလုပ်ငန်းများအတွက် သမဝါယမအသင်းရန်ပုံငွေ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် လိုအပ်သည့်မျိုး၊ အစာနှင့် ခြံတည်ဆောက်ခြင်းများအတွက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နို့စားနွားမွေးမြူသူတောင်သူများ နို့နှင့်နို့ထွက်ပစ္စည်းများ တန်ဖိုးမြှင့်စားသောက်ကုန်အဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေးစီစဉ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားပြီး နို့စားနွားမွေးမြူသူအသင်းသားများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ် သဲကုန်းကျေးရွာရှိသဲကုန်းမွေးမြူရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်း၏နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုအားသွားရောက်ကြည့်ရှုစစ်ဆေးပြီး အသင်းသားတောင်သူများ၏တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက်မိတ္ထီလာမြို့နယ်လိန်တောကျေးရွာ၌ အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်းပြီး လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးထားသော သင်တန်းသူများ၏စက်ချုပ်လုပ်ငန်းဆောင်ရွက်နေသူငါးဦး၏ လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများစဉ်ဆက်မပြတ်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအရင်းအနှီးများထောက်ပံ့ပေးနိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်မှ လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် မိတ္ထီလာမြို့ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စေတနာထားလုပ်ဆောင်ကြရန် လိုအပ်ကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဝန်ထမ်းသက်သာချောင်ချိရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများတင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

## ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဇူလိုင် ၁၀**

၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့်ကော်မတီဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆို၍ မြန်မာ့ရိုးရာခြင်းလုံးသရုပ်ပြကစားနေမှုကို ကြည့်ရှုအားပေးကြကာ သရုပ်ပြခတ်ကစားသည့်အဖွဲ့ကို ချီးမြှင့်ငွေပေးအပ်ပြီး မြန်မာ့ရိုးရာသိုင်းအဖွဲ့ကို တွေ့ဆုံ၍ အားပေးစကားပြောကာ ချီးမြှင့်ငွေပေးအပ်သည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော်ကြီးသို့သွားရောက်၍ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်များကို ပြန်လည်ပြုပြင်မွမ်းမံနေမှုအခြေအနေနှင့် ဖယ်ရှားရှင်းလင်းနေမှုအခြေအနေ၊ Cement Grouting နှင့် Soil Stabilization ဆောင်ရွက်နေမှု၊ မူလရင်ပြင်တော်ကြမ်းခင်းအား တူးထုတ်ပြင်ဆင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေသော တပ်မတော်သားများကို စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ရာဇဌာနီလမ်းမကြီး၊ ရာဇသင်္ဂဟလမ်းမကြီးနှင့် ဇေယျာဌာနီလမ်းမကြီးများသို့သွားရောက်၍ ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သည့်လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုနှင့် နိုင်လွန်ကတ္တရာလမ်း(AC)ခင်းကျင်းနေမှု၊ ဥတ္တရသီရိရေလှောင်တမံ၊ ယာယီရေတားတမံ ဆောင်ရွက်ထားရှိမှုနှင့်ရေထုတ်ပွန် ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မျိုးသီဟ(ပြန်/ဆက်)

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ **ဇွန်လ ၃၀ ရက်မှ ဇူလိုင်လ ၆ ရက်**အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း (၁ ဒသမ ၉၆၉၆)တန်၊ သစ်မာ(၁ ဒသမ ၀၁၆၆)တန်၊ အခြား (၁ ဒသမ ၃၇၀၀ )တန် စုစုပေါင်း (၄ ဒသမ ၃၅၆၂)တန်** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှသိရသည်။

မြဝတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ သိန်းကျော် ဖမ်းဆီးရမိ




တရားခံ စိန်ကျော်ဝင်း၊ အောင်မင်းသူနှင့်ဇင်ကိုဦးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်လ ၂၆ ရက်နေ့ညနေ ၆ နာရီခွဲအချိန် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် တောင်ကြီးမှ ရန်ကုန်သို့ ဇင်ကိုဦးမောင်းနှင်ပြီး အောင်မင်းသူ လိုက်ပါလာသော NISSAN ၁၂ဘီး မော်တော်ယာဉ်အား သတင်းအရစစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါ သံပိုက်လုံး ၄ လုံးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၈ သိန်း (ၚင်းဒေသကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၀၇ ဘီလီယံ) ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိစိတ်ကြွရူးသွပ်ဆေးပြားများအား သယ်ဆောင်ခိုင်းသူ စိန်ကျော်ဝင်းအား ဇွန်လ ၂၇ ရက်နေ့ ည ၁၀ နာရီအချိန်တွင် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၄)ရှိ ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိစိတ်ကြွရူးသွပ်ဆေးပြားများအား တောင်ကြီးမှ ရန်ကုန်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အားဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**(၁၀၀)**

# ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၀

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့်စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၅) ကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ ကျင်းပသည်။



အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ချေးငွေအတိုးအရင်းမပေးဆပ်သည့်ကုမ္ပဏီ/လုပ်ငန်းများမှ ငွေချေးဘေးဒဏ်အမှန်တကယ် ထိခိုက်ခံစားခဲ့ရသည့်ကုမ္ပဏီ/ လုပ်ငန်းများအားချန်လှပ်၍ ကျန်လုပ်ငန်းများကို စီမံခန့်ခွဲမှုနည်းလမ်းအရအရေးယူရန်ကိစ္စ၊ နိုင်ငံသားပိုင် ငါး၊ ပုစွန်မွေးမြူရေးကဏ္ဍနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍတို့သည် ချေးငွေသက်တမ်းကာလပြည့်မြောက်နေပြီဖြစ်သည့်အတွက် ချေးငွေများပြန်လည်ကောက်ခံရန်ကိစ္စ၊ နိုင်ငံတော်၏လှည့်ပတ်ရန်ပုံငွေနှင့် အထွေထွေပိုလျှံရန်ပုံငွေသို့ပြန်လည်ကောက်ခံရရှိမှုနှင့်ပေးသွင်းပြီးစီးမှုအခြေအနေ၊ ပေးဆပ်ရန်ကျန်ရှိမှုကိစ္စတို့အားဆွေးနွေးသည်။

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ချေးငွေစိစစ်ကြပ်မတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပြည်နယ်/ တိုင်းဒေသကြီးအလိုက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူထားသည့်ကုမ္ပဏီ/လုပ်ငန်းများမှ အတိုးအရင်းကောက်ခံရရှိမှုနှင့် သက်ဆိုင်ရာဌာနများ၊ ချေးငွေကြီးကြပ်ရေးအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုအခြေအနေများနှင့် ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်သူများကို စီမံခန့်ခွဲမှုနည်းလမ်းဖြင့် အရေးယူဆောင်ရွက်နိုင်မှုအခြေအနေတို့အား ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ချေးငွေပြန်လည်ပေးဆပ်မှုမရှိသည့် ကုမ္ပဏီ/ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ကော်မတီက စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ သက်တမ်းစေ့ပြီး ချေးငွေပြန်လည်ကောက်ခံရေးအစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊ ဌာနဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်တို့အား ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ဥမင်ကိုးဆယ်ဘုရားအတက်လမ်းပြုပြင်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ရတနာဘုမ္မိအနောက်ရပ်ကွက်၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇူလိုင် ၁၀

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သောမန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆွမ်းဦးပုညရှင်စေတီတော်၊ ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် မေတ္တာကန်တို့တွင် ဘက်စုံပြန်လည်ပြုပြင်မှုဆောင်ရွက်နေသည့်လုပ်ငန်းများနှင့်စေတီတော်ပရိဝုဏ်အတွင်းသန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုအခြေအနေများ၊ ဥမင်ကိုးဆယ်ဘုရားရှိသီတဂူရေလှောင်ကန်အား ဘက်စုံပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်နေသည့်အခြေအနေများနှင့် ဘုရားအတက်လမ်းပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်နေသည့်အခြေအနေများ၊ သောတာပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်မြတ်စွာဘုရား ဘက်စုံပြန်လည်ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ နန်းဦးမြို့သစ်ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော မဟာဇေယျဓိစေတီတော်ရှိ သာသနိကအဆောက်အအုံအားအပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု၊ ဝိနည်းမိုရ်ကျောင်းတိုက်၊ ရွှေစေတီဘာသန္တရသင်တန်းကျောင်းနှင့် အရှေ့မှန်ကျောင်းကျောင်းတိုက်များတွင်သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ချင်းစုသို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးသွားသောကျောင်းဆောင်အဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အပြီးသတ် ဖယ်ရှားရှင်းလင်းနေသည့်အခြေအနေများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပိုးတန်းရပ်ကွက်နှင့် စိန်ကုန်ရပ်ကွက်ရှိ လူနေအဆောက်အအုံအပြိုအပျက်များကိုလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့အား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်ရှိ ပထမမဟာဂန္ဓာရုံကျောင်းတိုက်သို့ သွားရောက်ကာ ကျောင်းတိုက်ဆရာတော်အမှူးပြုသော သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ပဲတို့အား ဆက်ကပ်လှူဒါန်းခဲ့ပြီး ကျောင်းတိုက်ရှိ ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီများအား တပ်မတော်ဆေးကုသရေးအဖွဲ့နှင့် စစ်ကိုင်းမြို့ဆေးရုံကြီးမှ ဆေးကုသရေးအဖွဲ့တို့ပူးပေါင်း၍ ကျန်းမာရေးဆေးစစ်ဆေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊ ခြင်ဆေးဖျန်းပေးခြင်းစသည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်တာဝန်ရှိသူများသည် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ နန်းမြို့ရိုးသို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော လေသိန်းတံခါးအနီး မြို့ရိုးအခြေရှိ အပျက်အစီးများအား တပ်မတော်သားများမှ အင်တိုက်အားတိုက်ရှင်းလင်းဖယ်ရှားနေမှုများ၊ အနိုပ်တော်ရပ်ကွက်ရှိ Sky Villa နေရာသို့သွားရောက်၍ ရှင်းလင်းရန်ကျန်ရှိနေသည့် “ A ” ဆောင်အားစက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အခြေအနေများအားလည်းကောင်း၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်နှင့် အနောက်ရပ်ကွက်များသို့ရောက်ရှိ၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သောအန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများအားစက်ယန္တရားကြီးများအသုံးပြု၍အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများနှင့် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်ရှိ ငလျင်ဒဏ်သင့် အိမ်ရာအဆောက်အအုံအားစက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းရေးဆောင်ရွက်နေမှုများအားကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေးမှာကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ **(၁၀၀)**

## ထူးခြားသည့် နေ့အပူချိန်များ

၁၀-၇-၂၀၂၅

| | | | | | | | |
|---|---|---|---|---|---|---|---|
| ချောက် | ၃၇ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယက် | မန္တလေး | ၃၅ | ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၆ | ဒသမ ၆ | ဒီဂရီဆဲလ်စီးယက် | ပခုက္ကူ | ၃၅ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၆ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယက် | ဂန့်ဂေါ | ၃၅ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၆ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် | ဆင်ဖြူကျွန်း | ၃၅ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| ခန္တီး | ၃၅ | ဒသမ ၈ | ဒီဂရီဆဲလ်စီးယက် | ကလေးဝ | ၃၅ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |



ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အချော်အသေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆၊
PADONMAR


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA
GOLD MEDAL



Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
Buy
BILL
PAY
Myanmar MOBILE MONEY


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား ...
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DAGON
MALTA FRESH

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



သီလဝါဆိပ်ကမ်း၌ဖမ်းဆီးရမိမှု။


စစ်ကိုင်းတိုင်းဒေသကြီး၌ဖမ်းဆီးရမိမှု။

နေပြည်တော် ဇူလိုင် ၁၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၈ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၄)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၆၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၃၄၁၅၃၄)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၃၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၂၄၂၈၀၃၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၇၇၆၉၅၆၄)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၈ ရက်နှင့် ၉ ရက်**တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂၈)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁၅)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၃၀၁၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၁၀ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၈၃၈)တန်၊ သစ်မာ (၁ ဒသမ ၁၅၈)တန်၊ အခြားသစ် (၁ ဒသမ ၉၀၉)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၅၅၀၇)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ဆိပ်ကမ်း၌ဖမ်းဆီးရမိမှု။


ပဲခူးတိုင်းဒေသကြီး၌ဖမ်းဆီးရမိမှု။

အလားတူ **ဇူလိုင်လ ၉ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၇)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၃၅)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇူလိုင်လ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၁)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၉၇၃၆၀၇၁)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့်သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိအသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**မြဝတီ**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားတစ်ဦးနှင့် ပါကစ္စတန်နိုင်ငံသားတစ်ဦးတို့အား ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားတစ်ဦးနှင့် ပါကစ္စတန်နိုင်ငံသားတစ်ဦးတို့အား သက်ဆိုင်ရာနိုင်ငံသို့လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်စဉ်။

နေပြည်တော် ဇူလိုင် ၁၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-မဲ့ထော်သလေး (KK Park) နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသားတစ်ဦးနှင့် ပါကစ္စတန်နိုင်ငံသားတစ်ဦး၊ စုစုပေါင်း နှစ်ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းနေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ဇူလိုင်လ ၁၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသား စုစုပေါင်း ၉၂၂၄ ဦးစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၀၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၁၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

(၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအားလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၀

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “အာရီး” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ သံဖြူရုံ ကျေးရွာနေ စိုးမင်းနိုင်(ခ)အာရီးအား ညနေ ၃ နာရီ ၅ မိနစ်တွင် ခမုံနယ်မြေရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့
## လျှောက်လွှာခေါ်ယူခြင်း
## ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့လက်အောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်များရှိ အလုပ်သမားဆေးရုံကြီး/မြို့နယ်လူမှုဖူလုံရေးဆေးခန်းများတွင် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်(M.B.,B.S)(စာချုပ်)ပုံသေလစာနှုန်း တစ်လလျှင် ကျပ်-၂၇၅,၀၀၀/-နှုန်းဖြင့် ရာထူး(၅၀)နေရာအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီး**
- ၁။ အလုပ်သမားဆေးရုံကြီး(ရန်ကုန်) (၁၁)နေရာ
- ၂။ အလုပ်သမားဆေးရုံကြီး(ထန်းတပင်) (၁၂)နေရာ
- ၃။ မြို့နယ်လူမှုဖူလုံရေးဆေးခန်း(အုတ်ကျင်း) (၁)နေရာ
- ၄။ မြို့နယ်လူမှုဖူလုံရေးဆေးခန်း(ကမာရွတ်) (၁)နေရာ

(ခ) **မန္တလေးတိုင်းဒေသကြီး**
- ၁။ အလုပ်သမားဆေးရုံကြီး(မန္တလေး) (၁၁)နေရာ

(ဂ) **မကွေးတိုင်းဒေသကြီး**
- ၁။ မြို့နယ်လူမှုဖူလုံရေးဆေးခန်း(မင်းဘူး) (၁)နေရာ
- ၂။ မြို့နယ်လူမှုဖူလုံရေးဆေးခန်း(ရေနံချောင်း) (၁)နေရာ
- ၃။ မြို့နယ်လူမှုဖူလုံရေးဆေးခန်း(ချောက်) (၁)နေရာ

(ဃ) **ဧရာဝတီတိုင်းဒေသကြီး**
- ၁။ မြို့နယ်လူမှုဖူလုံရေးဆေးခန်း(မြန်အောင်) (၁)နေရာ
- ၂။ မြို့နယ်လူမှုဖူလုံရေးဆေးခန်း(ဘိုကလေး) (၁)နေရာ
- ၃။ မြို့နယ်လူမှုဖူလုံရေးဆေးခန်း(ဝါးခယ်မ) (၁)နေရာ
- ၄။ မြို့နယ်လူမှုဖူလုံရေးဆေးခန်း(ဟင်္သာတ) (၁)နေရာ

(င) **ပဲခူးတိုင်းဒေသကြီး**
- ၁။ မြို့နယ်လူမှုဖူလုံရေးဆေးခန်း(ဖြူး) (၁)နေရာ

(စ) **စစ်ကိုင်းတိုင်းဒေသကြီး**
- ၁။ မြို့နယ်လူမှုဖူလုံရေးဆေးခန်း(စစ်ကိုင်း) (၁)နေရာ
- ၂။ မြို့နယ်လူမှုဖူလုံရေးဆေးခန်း(ကလေး) (၁)နေရာ

(ဆ) **ကရင်ပြည်နယ်**
- ၁။ မြို့နယ်လူမှုဖူလုံရေးဆေးခန်း(ဘားအံ) (၁)နေရာ

(ဇ) **ရှမ်းပြည်နယ်**
- ၁။ မြို့နယ်လူမှုဖူလုံရေးဆေးခန်း(တောင်ကြီး) (၁)နေရာ

(ဈ) **ကယားပြည်နယ်**
- ၁။ မြို့နယ်လူမှုဖူလုံရေးဆေးခန်း(လွိုင်ကော်) (၁)နေရာ

(ည) **ကချင်ပြည်နယ်**
- ၁။ မြို့နယ်လူမှုဖူလုံရေးဆေးခန်း(မြစ်ကြီးနား) (၁)နေရာ

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုခြင်းခံထားရသည့်သက်တမ်းရှိဆေးကုသခွင့်လိုင်စင်ရရှိသူဖြစ်ရမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဃ) လက်ရှိတာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများလျှောက်ထားခွင့်မရှိပါ။
- (င) လွန်ခဲ့သည့်တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံလေးပုံ (၁၁/၂ x ၁၃/၄)၊ ဆေးကုသခွင့်လိုင်စင်မိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်းနှင့်အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ရဲစခန်းတို့မှ ထောက်ခံချက်မူရင်းတင်ပြရမည်။

၃။ လျှောက်လွှာများကို အောက်ပါနေရာများတွင် အခမဲ့ရယူနိုင်ပါသည်။
- (က) အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ ဆေးဌာန၊ နေပြည်တော်
- (ခ) အလုပ်သမားဆေးရုံကြီး(ရန်ကုန်)၊ ရန်ကုန်တိုင်းဒေသကြီး
- (ဂ) အလုပ်သမားဆေးရုံကြီး(မန္တလေး)၊ မန္တလေးတိုင်းဒေသကြီး
- (ဃ) အလုပ်သမားဆေးရုံ(ထန်းတပင်)၊ ရန်ကုန်တိုင်းဒေသကြီး
- (င) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်လူမှုဖူလုံရေးရုံးများ

၄။ လျှောက်လွှာများကို လျှောက်လွှာရယူခဲ့သောနေရာ(သို့မဟုတ်)သင့်လျော်သည့် တိုင်း/ပြည်နယ်ရုံးများနှင့် အလုပ်သမားဆေးရုံကြီးများမှတစ်ဆင့် ပေးပို့လျှောက်ထားနိုင်သည်။

၅။ စုံစမ်းမေးမြန်းလိုပါက အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်(ဆေးဌာန)၊ နေပြည်တော်ဖုန်းနံပါတ်(၀၉-၂၅၄၅၂၆၆၄/၀၉-၅၀၄၆၁၈၄/၀၉-၄၅၀၁၉၃၃၄၁)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လူမှုဖူလုံရေးအဖွဲ့**
**အလုပ်သမားဝန်ကြီးဌာန**

**အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ဒေါ်ငြိမ်းအခြေခံအထက်တန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော မခြူးသက်ထားစံ၏အမည်မှန်မှာ မသွန်းဆုရတနာစံဖြစ်ပါကြောင်း။
**မသွန်းဆုရတနာစံ**

**အမည်ပြောင်း**
အထက(၆)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-6 မှ ဦးအောင်ကိုဝင်း ၁၄/အမန(နိုင်)၁၀၄၁၉၈၏သမီး မဆုပြည့်ကိုကိုအား မရွှေဖူးအိမ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မရွှေဖူးအိမ်**

**ပျောက်ဆုံးကြောင်း**
အိအိစိုး(ဘ)ဦးဝင်းမောင် ၉/မတရ(နိုင်)၂၀၂၅၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**အမည်မှန်**
အထက(၂)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-12 မှ မနှင်းသူဇာ၏ဖခင် ဦးမောင်ကြိုင်၏အမည်မှန်မှာ ဦးအကြိုင် ၁၄/သပန(နိုင်)၀၂၃၇၄၄ ဖြစ်ပါကြောင်း။
**ဦးအကြိုင်**

**အမည်ပြောင်း**
အဘ ဦးငြိမ်းမြတ် ၈/တတန(နိုင်)၀၉၈၂၃၃၏သား အထက(ဘီးလင်း)ကျောင်း၊ Grade-3 မှ မောင်ထက်ကောင်းခန့်အား မောင်ဟိန်းထက်အောင်၊ Grade-1 မှ မောင်ကောင်းရှင်းသန့်အား မောင်ကျော်မင်းစံဟု ပြောင်းလဲခေါ်ပါဆိုရန်။
**မောင်ဟိန်းထက်အောင်**
**မောင်ကျော်မင်းစံ**

**ပျောက်ဆုံးကြောင်း**
နိုင်ထွန်း(ဘ)ဦးထွန်းကြည် ၇/လပတ(နိုင်)၀၀၅၁၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၉၀၅၁၆၀

**ပျောက်ဆုံးကြောင်း**
ထက်ထက်မျိုး(ဘ)ဦးမျိုး ၇/ထတပ(နိုင်)၁၄၁၄၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သီတာမြင့်(ဘ)ဦးကျော်ကျော် ၉/အမဇ(နိုင်)၀၁၀၇၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၀၆၄၄၆၈၈

**ပျောက်ဆုံးကြောင်း**
နန်းဇင်မာထိုက်(ဘ)မန်းဝင်းကြည် ၁၄/ကပန(နိုင်)၁၄၀၈၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၃၅၈၃၉၄၇

**ပျောက်ဆုံးကြောင်း**
ချစ်မင်းလွင်(ဘ)ဦးလှသိန်း ၇/ဖမန(နိုင်)၁၇၅၁၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၆၁၈၁၆၉

# သစ်တောမှန်လျှင် အသုံးဝင်
# အစဉ်ထာဝရ ထိန်းသိမ်းကြ

**မတည်ငွေရင်းလျှော့ချမည်ဖြစ်ကြောင်းကြေညာခြင်း**
Myanmar Green Dot Co.,Ltd.(Reg No.107322701)၏ မတည်ငွေရင်းလျှော့ချရန်အတွက် အစုရှယ်ယာရှင်များ၏အထွေထွေအစည်းအဝေးတစ်ရပ်အား ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
**ဒါရိုက်တာအဖွဲ့**
**Myanmar Green Dot Co.,Ltd.**

**မတည်ငွေရင်းလျှော့ချမည်ဖြစ်ကြောင်းကြေညာခြင်း**
Myanmar Golden Bridge Gems Co.,Ltd.(Reg No.101466205)၏ မတည်ငွေရင်းလျှော့ချရန်အတွက် အစုရှယ်ယာရှင်များ၏အထွေထွေအစည်းအဝေးတစ်ရပ်အား ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
**ဒါရိုက်တာအဖွဲ့**
**Myanmar Golden Bridge Gems Co.,Ltd.**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**သူရဦးမျိုးတင်**
**အမှုဆောင်အရာရှိချုပ်**
**မြဝတီဘောလုံးအသင်းလီမိတက်**
**အသက်(၆၁)နှစ်**

(ဦးမောင်တင်-ဒေါ်စိန်စိန်)တို့၏သား၊ (ဦးမောင်မြင့်-ဒေါ်ဝင်းမေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ စိမ်းလဲ့အောင်ကွန်ဒို၊ စိမ်းလဲ့မေရိပ်သာလမ်း၊ (၇)ရပ်ကွက်နေ ဒေါ်ရီရီမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးသွေးသစ်အောင်၊ မောင်ကောင်းစစ်သွေး၊ မောင်ဖွဲ့ခန့်ငြားတို့၏ချစ်လှစွာသောဖခင်၊ မခင်မာချို၏အစ်ကို သူရဦးမျိုးတင်သည် ၉-၇-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့) ၁၇:၄၉ နာရီအချိန်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန် ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
**မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

**ပျောက်ဆုံးကြောင်း**
သဥ္စာလီထက်(ဘ)ဦးမြင့်ထွေး(ခ)ENG KIN HOCK ၁၂/မဘန(ဧည့်)၀၀၀၀၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 229597)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၈၈၅၅၄၉၀

**ပျောက်ဆုံးကြောင်း**
ညီလေးစိုး(ဘ)ဦးသိန်းဇံအောင် ၁၁/စတန(နိုင်)၀၆၆၂၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 849002)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၄၂၈၉၉၉၄

**ပျောက်ဆုံးကြောင်း**
စောချစ်မိုးဦး(ဘ)ဦးတင်ဦး ၁၄/ဓနဖ(နိုင်)၁၇၈၈၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၅၂၂၆၆၈

**ပျောက်ဆုံးကြောင်း**
ဇင်လင်းအောင်(ဘ)ဦးသန်းဦး ၁၂/သကတ(နိုင်)၁၈၈၁၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
နွယ်နီထွန်း(ဘ)ဦးအုန်းငွေ ၉/သေရ(နိုင်)၀၁၂၅၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၂၇၇၈၈၆၀

**ပျောက်ဆုံးကြောင်း**
နမ့်စုမြမွန်(ဘ)ဦးအောင်သိန်း ၁၄/ပတန(နိုင်)၂၂၀၄၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၅၈၃၁၅၈

**ပျောက်ဆုံးကြောင်း**
အောင်ဝင်း(ဘ)ဦးစိန်ဖိန်း ၁၂/ဥကတ(နိုင်)၀၅၇၆၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၆၈၇၄၅

**ပျောက်ဆုံးကြောင်း**
သန်းသန်းစိုး(ဘ)ဦးမြင့်စိုး ၁၂/ဒလန(နိုင်)၀၆၆၈၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၇၃၇၁၆

**အမည်မှန်**
မုဒုံမြို့နယ်၊ ကွေ့စမ်းကျေးရွာအုပ်စု၊ ထားဝယ်စုရပ်နေ အဘ ဦးကံရှင်၏သား ဦးစိုးသိန်း၏အမည်မှန်မှာ ဦးညွန့်တင် ၁၀/မဒန(နိုင်)၁၃၉၀၉၀ ဖြစ်ပါကြောင်း။
**ဦးညွန့်တင်**

**ပျောက်ဆုံးကြောင်း**
မရန်ထိုက်ဟွေ(ဘ)ဦးရန်ချန်ဆင်း ၁၃/ကလတ(နိုင်)၀၄၉၆၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နန်းချိုစန်း(ဘ)ဦးကျော်မဲ ၃/လဘန(နိုင်)၂၀၅၉၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 700398)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
လှဝင်း(ဘ)ဦးကြည် ၁၂/ဥကတ(နိုင်)၁၁၀၃၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နော်အေးစတာချို(ဘ)ဦးပူးချို ၇/ကတခ(နိုင်)၁၃၈၉၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 848478)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ညီညီ(ဘ)ဦးတင်မောင် ၁၂/ဒဂန(နိုင်)၀၀၃၀၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၂၉၃၇၀၅၆

**ပျောက်ဆုံးကြောင်း**
ဇင်မင်းထိုက်(ဘ)ဦးခင်လတ် ၁၂/စခန(နိုင်)၀၀၁၈၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၇၆၆၉၆၀၉

**ပျောက်ဆုံးကြောင်း**
မိုဟာမက်ကာဆင်(ဘ)ဦးအသန်း ၁၂/စခန(နိုင်)၀၅၃၄၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၉၇၇၆၈၉၈

**ပျောက်ဆုံးကြောင်း**
ပရမာစတက်စွဲသီး(ခ)ဇင်မာဟန်(ဘ)ဦးသိန်းဟံ ၈/ခမန(ပြု)၀၀၀၀၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၆၅၅၇၆၁၇

**ပျောက်ဆုံးကြောင်း**
ဖြိုးနိုင်ဦး(ဘ)ဦးမြင့်နိုင်ဦး ၉/ဝတန(နိုင်)၂၃၆၁၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၁၃၃၁၂၉၁

**ပျောက်ဆုံးကြောင်း**
အောင်ကျော်ဆန်း(ဘ)ဦးမောင်မောင်မြင့် ၁၃/မရန(နိုင်)၀၂၈၇၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 679097)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်သန်း
## အသက်(၈၉)နှစ်
## ဦးစီးအရာရှိ(ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရွာသစ်ကလေးနေ ဗိုလ်မှူးမင်းသွင်(ငြိမ်း)-ဒေါက်တာတင်တင်အေးတို့၏ ဖခင်၊ (ဒေါ်ခင်မြင့်)၏ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်သန်း အသက်(၈၉)နှစ်သည် ၉-၇-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၆)မှ သူငယ်ချင်းများ**

**အမည်မှန်**

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကျုံဝမ်းရပ်ကွက်၊ ကျုံမနင်းကျေးရွာနေ အဘ ဦးထွန်းဆိုင်၏သား ဦးရွှေ၏အမည်မှန်မှာ ဦးထွန်းရွှေ ၁၀/ကမရ(နိုင်)၁၅၄၂၆ ဖြစ်ပါကြောင်း။ **ဦးထွန်းရွှေ**

**ပျောက်ဆုံးကြောင်း**

အောင်ကိုဝင်း(ဘ)ဦးဘိုကြည်လှိုင် ၈/မသန(နိုင်)၀၈၅၃၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၈၈၅၅၄၉၀

**ပျောက်ဆုံးကြောင်း**

ခင်သန္တာမြင့်(ဘ)ဦးစိုးမြင့် ၁၂/ဒဂမ(နိုင်)၀၂၅၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (A 136688)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၆၉၈၇၁၅၅

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၁၉၄/မမ/CME | 2V-250 Ah Wet Cell Battery (720-Nos)ဝယ်ယူရန် |
| ၂ | ၁၉၅/မမ/CE | **ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း**<br>ကံဘဲ့ဘူတာအသစ်တည်ဆောက်ခြင်းလုပ်ငန်း |
| ၃ | ၁၉၆/မမ/CE | **ကြို့ကုန်းဘူတာအသစ်တည်ဆောက်ခြင်းလုပ်ငန်း** |
| ၄ | ၁၉၇/မမ/CE | **တိုင်းအမှတ်(၄)ကလော**<br>ရွှေညောင်-ရပ်စောက်လမ်းပိုင်း၊ တောက်နီ-ပင်ဖြစ်ကြားမိုင်(၄၂၀/၁၈-၁၉)ရှိ တံတားအမှတ်(၂၉)အား 10' Span တံတားမှ 20'-0" Span တံတားအဖြစ် ပြုပြင်တည်ဆောက်ခြင်း |
| ၅ | ၁၉၈/မမ/CE | **တိုင်းအမှတ်(၁၁)ပုဂံ**<br>တောင်တွင်းကြီး-မကွေးလမ်းပိုင်း၊ သရက်လေးပင်-လျှောင်းတော်ဦးကြား မိုင်(၃၃၂/၁၈-၁၉)တွင် တံတားအမှတ်(၁၃၉-အေ) 2/20'-0" Span Slab တံတားတည်ဆောက်ခြင်း |
| ၆ | ၁၉၉/မမ/CE | **တိုင်းအမှတ်(၈)မော်လမြိုင်**<br>မော်လမြိုင်ဘူတာသစ်ကြီးတွင် ဝန်ထမ်းအိမ်ရာ(၆)ခန်းတွဲ(၄)ထပ်(၁)လုံးတည်ဆောက်ခြင်း၊ (RC)(ရေ၊ မီး၊မိလ္လာအပါ)(17376 Sft) (50 Person Septic Tank(၂)လုံး၊ဂါလန်(၅၀၀၀)Ground Tank အပါ)(နှစ်ဆက်လုပ်ငန်း) |
| ၇ | ၂၀၀/မမ/S &T | **အချက်ပြနှင့်ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း(၂)မျိုးဝယ်ယူရန်**<br>(က) Communication Card (5)Nos<br>(ခ) Synchronize Card(5)Nos |
| ၈ | ၂၀၁/မမ/S & T | **ရန်ကုန်-သီလဝါလမ်းပိုင်းအချက်ပြနှင့်ဆက်သွယ်ရေးစနစ်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း** |
| ၉ | ၂၀၂/မမ/S & T | **ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအချက်ပြနှင့်ဆက်သွယ်ရေးအဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်း**<br>ကျေးတောဘူတာမှရွာတော်ဘူတာအထိ ဘူတာ(၁၂)ဘူတာ အချက်ပြစနစ်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း (Lot 1) |
| ၁၀ | ၂၀၃/မမ/S & T | ကျည်တောင်ကန်ဘူတာမှရှမ်းရွာဘူတာအထိ ဘူတာ(၁၂)ဘူတာ အချက်ပြစနစ်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း (Lot 2) |
| ၁၁ | ၂၀၄/မမ/S & T | ညောင်ရမ်းဘူတာမှစဥ့်ကိုင်ဘူတာအထိ ဘူတာ(၁၁)ဘူတာ အချက်ပြစနစ်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း (Lot 3) |
| ၁၂ | ၂၀၅/မမ/S & T | **တောင်ငူ-နေပြည်တော်လမ်းပိုင်းရှိ ဆက်သွယ်ရေးစနစ်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း** |

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(၁)မှ(၅)အထိ (၂၄-၇-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ
အမှတ်စဉ်(၆)မှ (၁၂)အထိ (၈-၈-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၀-၇-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

**မတည်ငွေရင်းလျှော့ချမည်ဖြစ်ကြောင်းကြေညာခြင်း**

Pinnacle Solutions Co.,Ltd.(Reg No.101679969)၏ မတည်ငွေရင်းလျှော့ချရန်အတွက် အစုရှယ်ယာရှင်များ၏အထွေထွေအစည်းအဝေးတစ်ရပ်အား ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
Pinnacle Solutions Co.,Ltd.

**ပျောက်ဆုံးကြောင်း**

ဆက်ထွဋ်လင်း(ဘ)ဦးချစ်ကိုကို ၁၂/မဂတ(နိုင်)၀၉၇၉၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၂၁၁၀၂၉၆

**ပျောက်ဆုံးကြောင်း**

ဝေါမြို့၊ ကဒွတ်ကျေးရွာနေ မောင်ဇော်လွင်ဦး(ဘ)ဦးတင်ရီ ၇/ဝမန(နိုင်)၁၀၉၁၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်နေ လှမ်းပိုင်ဦး(ဘ)ဦးနိုင်ဝင်း ၇/ပခန(နိုင်)၄၆၉၉၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

PO HWE(ခ)ပိုဟွီး(ခ)ချိုချိုတင့်(ဘ)လင်ချင်လောင်း(ခ)ကျင်ထော်(ခ)ဦးထွန်းအောင် ၁၂/တကန(နိုင်)၀၀၀၀၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 229599)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၅၄၅၃၆၉၃

**ပျောက်ဆုံးကြောင်း**

သနပ်ပင်မြို့၊ ကုက္ကိုရွာနေ ကိုကိုမောင်(ဘ)ဦးသောင်းဌေး ၇/သနပ(နိုင်)၀၉၁၇၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၈၃၈၃၉၆၇




*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။

**ပျောက်ဆုံးကြောင်း**

မဖဲန်စီကုန်း(ဘ)ဦးဘုန်ကုန်း ၁၃/ကလန(နိုင်)၀၅၆၆၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၁၀၃၄၅၂

**ပျောက်ဆုံးကြောင်း**

သူရိန်ဝင်း(ဘ)ဦးခင်မောင်ဝင်း ၉/စကန(နိုင်)၀၇၆၅၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၂၇၇၈၈၆၀

**ပျောက်ဆုံးကြောင်း**

မော်မော်လွင်(ဘ)ဦးကျော်သန်း ၁၂/ဥကမ(နိုင်)၂၂၉၉၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၂၁၁၈၀၈

**ပျောက်ဆုံးကြောင်း**

သဒ္ဒါစည်(ဘ)ဦးခင်မောင်မြင့် ၁၂/ဒဂတ(နိုင်)၁၂၉၃၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 143447)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၇၈၈၃၆၀၃

**ပျောက်ဆုံးကြောင်း**

ခိုင်ဇာဝင်း(ဘ)ဦးသောင်းတင် ၇/အဖန(နိုင်)၁၃၁၀၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၅၀၀၇၈၅၅၀

**ပျောက်ဆုံးကြောင်း**

ကျင်ဝင်း(ဘ)ဦးကျော် ၁၂/လမန(နိုင်)၁၀၁၆၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၉၆၉၁၄၇၂

**ပျောက်ဆုံးကြောင်း**

ခင်သီတာ(ဘ)ဦးသန်းလွင် ၁၂/အစန(နိုင်)၁၂၄၆၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၃၅၅၆၅၅၃

**ပျောက်ဆုံးကြောင်း**

အေးစုနန္ဒာ(ဘ)ဦးနေဝင်း ၁၂/ဥကတ(နိုင်)၁၃၀၄၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၄၉၄၃၄၀

**ပျောက်ဆုံးကြောင်း**

ရှောက်ရှီး(ဘ)ဦးလီကြားယံ ၁၃/လရန(နိုင်)၂၃၀၈၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၁၉၃၈၄၂၀

**ပျောက်ဆုံးကြောင်း**

ပြည်ပိုင်ထွန်း(ဘ)ဦးတင်ထွဋ် ၇/ပမန(နိုင်)၁၆၄၃၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၇၂၈၅၀၂

**ပျောက်ဆုံးကြောင်း**

ဝါဝါအေး(ဘ)ဦးမြမောင် ၇/ကကန(နိုင်)၀၈၂၀၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၄၄၂၃၅၅

**ပျောက်ဆုံးကြောင်း**

ခင်သူထွေး(ဘ)ဦးမောင်ကိုဝင်း ၇/ဖမန(နိုင်)၂၃၅၃၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၆၄၃၆၉၃၈

**ပျောက်ဆုံးကြောင်း**

သန်းနိုင်(ဘ)ဦးမြဖေ ၁၂/အစန(နိုင်)၁၆၃၀၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၂၃၄၈၄၃၁

**ပျောက်ဆုံးကြောင်း**

သန်းသန်းဌေး(ဘ)ဦးမောင်ကြိုင် ၁၂/ဗဟန(နိုင်)၀၃၇၈၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၀၃၆၇၈၄

**ပျောက်ဆုံးကြောင်း**

လှိုင်နိုတ်လမ်း(ဘ)ဦးထောင်းခိုလွန်း ၅/ခပန(နိုင်)၀၁၀၃၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၄၈၇၃၆၈၁

**ပျောက်ဆုံးကြောင်း**

စမ်းစမ်းချို(ဘ)ဦးလရှင်ကာမက် ၁၀/ကမရ(နိုင်)၁၇၂၁၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၂၄၁၄၄၁၁

**ပျောက်ဆုံးကြောင်း**

နှင်းသက်ပိုင်(ဘ)ဦးတင်ဇော်နိုင် ၁၄/လပတ(နိုင်)၂၃၃၁၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၁၇၈၁၃၄

**ပျောက်ဆုံးကြောင်း**

မမေရီဦး(ဘ)ဦးဆာတုံး ၉/မကန(နိုင်)၁၄၇၉၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 668124)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

မော်လမြိုင်မြို့နေ ဇာခြည်ဝင်း(ဘ)ဦးခင်လတ် ၁၀/မလမ(နိုင်)၁၇၈၄၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၈၄၅၀၉၅၅

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်ပွဲစံကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 သင်ဆဲမှ မအေးစုဝေ၏ဖခင် ဦးဇော်ထွန်း၏ အမည်မှန်မှာ ဦးဟန်ဇော်ထွန်း ၈/တတက(နိုင်)၁၁၁၃၆၇ ဖြစ်ပါကြောင်း။ **ဦးဟန်ဇော်ထွန်း**

**ဖခင်အမည်မှန်**

နေပြည်တော်၊ အေလာအုပ်စု၊ မြို့သစ် အ.ထ.က(၅) Grade-12 တွင် ပညာသင်ကြားနေသော မသဲစုမွန်၏ဖခင်အမည်မှန်မှာ ဦးတင်မောင်ဝင်း ၉/လဝန(နိုင်)၁၄၁၃၇၄ ဖြစ်ပါကြောင်း။ **ဦးတင်မောင်ဝင်း**

**ပျောက်ဆုံးကြောင်း**

သန္တာလင်း(ဘ)ဦးခင်ဝင်း ၁၂/ရပသ(နိုင်)၁၁၇၈၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၁၇၀၃၂၃၄

**ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ သာယာကုန်းကျေးရွာနေ နော်ချယ်ရီတိုး(ဘ)ဦးစိန်တိုး ၃/သတန(နိုင်)၀၂၈၆၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 620484)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၃၀၅၂၆၀

**ပျောက်ဆုံးကြောင်း**

မတ္တရာမြို့နယ်၊ စလေကျေးရွာနေ မနီလာဝင်း(ဘ)ဦးထွန်းကြည် ၉/မတရ(နိုင်)၂၈၇၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 714932)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၃၅၂၅၅၇၀

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

**❖ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံသည် တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခများ ကင်းဝေးရန်ပင်ဖြစ်...**

**❖ သို့မှသာ အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှုကောင်းမွန်လာမည်ဖြစ် . . .**

**❖ အလားတူ ဒေသခံများ၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍစုံကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်ပြုလုပ်သော တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် ဇူလိုင် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအား မိတ္ထီလာမြို့၊ ကန်တော်မင်္ဂလာခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ◆**

## မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်များကို နိုင်ငံတကာအသိုက်အဝန်းက အသိအမှတ်ပြုရန်တောင်းဆို

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ ၅၉ ကြိမ်မြောက် အစည်းအဝေးအတွင်း မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာများ၊ အပြန်အလှန်ဆွေးနွေးမှုနှင့် ပကတိမြေပြင်အခြေအနေမှန်များနှင့် လုံးဝကိုက်ညီခြင်းမရှိဘဲ နိုင်ငံရေးအရ လိုရာဆွဲပုံဖော်ထားသည့် ဆုံးဖြတ်ချက်အဆိုတို့ကို မြန်မာအစိုးရ၏ကိုယ်စားလှယ်ပါဝင်ခြင်းမရှိဘဲ တစ်ဖက်သတ် ဆွေးနွေးအတည်ပြုခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံ၌ မတ်လ ၂၈ ရက်တွင်လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးအပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်နေချိန်တွင် **စာမျက်နှာ ၁၀ ကော်လံ ၁ ●**

## ပညာသည်သာ ဘဝအဖော်မွန်

စာ - ၁၃ သို့

. . . . . . . . . . . . . . .

## စင်ကာပူတာတိုဖလား ကန္နူး/ကယက် လှေလှော်ပြိုင်ပွဲသို့ မြန်မာလှေလှော်အားကစားသမားများဝင်ရောက်ယှဉ်ပြိုင်မည်

စာ - ၁၀ သို့